ကလေးသူငယ် အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ရပ်မှန်

mgyoe.com
SAMPLE BOOK

# အမေ့အိမ်က ငရဲခန်း

သက်ပိုင်

# A Child Called 'It'

Dave Pelzer



mgyoe.com

THAR NGE

mgyoe.com SAMPLE BOOK

**ပျိုးအန့်လောက်အောင်**
**စက်ဆုပ်ရွံရှာစရာ နှိပ်စက်ခန်းများ ပါဝင်ပါသဖြင့်**
**အသက် ၁၈ နှစ်မပြည့်သူများနှင့်**
**နှလုံးမကောင်းသူများ မဖတ်ပါရန်**

ဒီစာအုပ်ဟာ ကယ်လီဖိုးနီးယား ပြည်ထောင်စုအတွင်းမှာ ဖြစ်ပွားခဲ့တဲ့
အဆိုးရွားဆုံးသော ကလေးသူငယ် အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ရပ်မှန် ဖြစ်ရပ်ဆိုးကြီးပဲဖြစ်ပါတယ်။
အရက်ရဲ့ ကျေးကျွန်ဖြစ်သူ မိခင်ကိုယ်တိုင်က သားဖြစ်သူ ဒေးဗစ်ကို ညှိမည်းစွဲအောင်ရိုက်နှက်နှိပ်စက်ခဲ့ပြီး
အစာရေစာဖြတ်ကာ ညှဉ်းပန်းခဲ့ရုံမျှမက အခြားနှုတ်နဲ့ ထုတ်မပြောပွယ်ရာ နည်းလမ်းမျိုးစုံနဲ့
ငရဲသားတစ်ယောက်လို နှိပ်စက်ခဲ့ပါတယ်။ ဒေးဗစ်ဟာ အငမ့်အတွက်
လူသားတစ်ယောက်မဟုတ်တော့ဘဲ 'ဂြိုလ်ကောင်လေး' လို့တောင် ပြောင်းလဲခေါ်ဆိုခဲ့တဲ့အထိရယ်ပါ။

ဒေးဗစ်ဟာ အငမ့်အိမ်ရဲ့ မြေအောက်ထပ်ထဲမှာ ရှက်ဖျင်တဲ့အဟောင်းလေးနဲ့ အိပ်စက်ခဲ့ရပြီး
အဝတ်အစားအစုတ်သာ ဝတ်ဆင်ခဲ့ရကာ စားရတဲ့အစားအသောက်ဟာလည်း
ခွေးတစ်ကောင်တောင် အနားမကပ်မယ့်အစားအသောက်မျိုးအပြင် မပိုခဲ့ပါဘူး။
အပြင်လောကက လူတွေက ဒေးဗစ်ရဲ့ အဖြစ်ဆိုးကြီးကိုမသိခဲ့ကြပေမဲ့ ဒေးဗစ်ကတော့
တစ်နေ့မှာ ဒီငရဲခန်းထဲကနေ ငှက်ကလေးတစ်ကောင်လို လွတ်မြောက်ပြီး
နွေးထွေးကြင်နာတဲ့ မိသားစုတစ်ခုနဲ့ အတူ နေထိုင်ဖို့ မျှော်လင့်ခဲ့ပါတယ်။

ဒေးဗစ်ရဲ့ အတွေ့ အကြုံတစ်ခုချင်းစီဟာ စာဖတ်သူရဲ့ ရင်တွင်းမှာ
ကွက်ကွက်ကွင်းကွင်းမြင်လာအောင် ဖော်ကျူးနိုင်ရုံမျှမက
ကလေးသူငယ် အိမ်တွင်းအကြမ်းဖက်မှုဆိုတဲ့ ဖြစ်ရပ်ဆိုးကြီးဟာ
တကယ်တည်ရှိနေကြောင်း သတိပေးနေသလို
မိဘတို့အနေနဲ့လည်း ဒီလိုအဖြစ်ဆိုးကြီးကို တတ်နိုင်တဲ့နေရာကနေ ပါဝင်ကာ
ဖြေရှင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းနှိုးဆော်လျက် ရှိပါတယ်။

Price 4800 Ks
ISBN 978-99971-46-34-2
9 789997 146342 >

mgyoe.com

designed by zenyehtut

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

အမေရိကန်ပြည်ထောင်စုမှာဖြစ်ပွားခဲ့သည့် တတိယအဆိုးဝါးဆုံး
ကလေးသူငယ် အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ရပ်မှန်

# အမေ့အိမ်မှကောင်ရဲ့ခန်း

## သက်ပိုင်

***A Child Called It***

By Dave Pelzer

**အသိပေးချက်**

ပျို့အန်လောက်အောင် စက်ဆုပ်ရွံရှာစရာ နှိပ်စက်ခန်းများပါဝင်ပါသဖြင့်
အသက် ၁၈ နှစ်မပြည့်သူများနှင့် နှလုံးမကောင်းသူများ မဖတ်ပါရန်

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း

စာမျက်နှာ – ၁၄၄
စာအုပ်ဆိုဒ် – အလျား ၁၃.၇ × အနံ ၂၀.၈ စင်တီ။
စာအုပ်အမျိုးအစား – ဘာသာပြန်
မျက်နှာဖုံးဒီဇိုင်း – ရှာန်ရဲထွဋ်
အတွင်းအပြင်အဆင် – စောမာလာ
သားငယ်အမှတ်တံဆိပ် – ဖြိုးဝေကို
CTP - Sunn Color
စာအုပ်ချုပ် – တင်အေး
ISBN - 978-99971-46-34-2
ထုတ်ဝေခြင်း – ပထမအကြိမ်၊ စက်တင်ဘာလ – ၂၀၂၂
အုပ်ရေ – ၅၀၀

ဤစာအုပ်ကို ဦးဖြိုးဝေ၊ သားငယ်စာပေ (၀၂၀၀၆)၊ အမှတ် ၂၃/၄ (က)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက ထုတ်ဝေ၍ ငွေပြည်တော် ပုံနှိပ်တိုက် (၀၀၁၀၂)၊ အမှတ် (၁၄/အေ–၁)၊ နေကြာလမ်း၊ ၂–ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပုံနှိပ်သည်။

တန်ဖိုး – ၄၈၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


မိတ်ဆက်

သက်သေခံချက်

**အခန်း – ၁**

ငရဲခန်းမှ လွတ်မြောက်ခြင်း ၁

**အခန်း – ၂**

အတိတ်က ပျော်ရွှင်ချိန်များ ၁၅

**အခန်း – ၃**

လူဆိုးလေး ၂၅

**အခန်း – ၄**

အစားတစ်လုတ် တုတ်တစ်ချက် ၄၁

**အခန်း – ၅**

မတော်တဆမှု ၇၃


mgyoe.com

mgyoe.com SAMPLE BOOK

အခန်း – ၆
ငရဲခန်းမှ နေ့ရက်များ ၈၉

အခန်း – ၇
ဆုတောင်းပြည့်ပြီ ၁၁၇

နိဂုံး
ဆိုနိုမာ ကောင်တီ၊ ကယ်လီဖိုးနီးယား ၁၃၉

mgyoe.com

mgyoe.com SAMPLE BOOK

## မိတ်ဆက်

အမေ့အိမ်ကကရဲခန်း (A Child called 'It') စာအုပ်ကို ၁၉၉၅ ခုနှစ်က စတင်ထုတ်ဝေခဲ့ပြီး စာအုပ်ထဲမှာတော့ စာရေးသူရဲ့ ငယ်စဉ်က ခက်ခဲကြမ်းတမ်းစွာနဲ့ အိမ်တွင်းအကြမ်းဖက်မှုတွေကို ဖြတ်သန်းခဲ့ရပုံကို ရေးသားထားပါတယ်။

Dave Pelzer ရဲ့ ကလေးသူငယ် အိမ်တွင်းအကြမ်းဖက်မှုဟာ ၁၉၇၃ ခုနှစ်၊ ကယ်လီဖိုးနီးယားပြည်နယ်အတွင်းမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်း ဖက်မှုတွေထဲမှာ တတိယမြောက် အဆိုးဝါးဆုံး ဖြစ်ရပ်အဖြစ်လည်း သမိုင်းတွင်ခဲ့ပါတယ်။

ဒေ့ဗ်ဟာ ဂျိုးဇက်ပယ်လ်ဇာနဲ့ ကတ်သရင်းပယ်လ်ဇာတို့ရဲ့ ကလေး ငါးယောက်ထဲက ဒုတိယမြောက်သားပဲ ဖြစ်ပါတယ်။ သူဟာ အသက် ၄ နှစ်ကနေ ၁၂ နှစ်အတွင်း မိခင်ဖြစ်သူ ကတ်သရင်းရဲ့ နှိပ်စက်မှုတွေကို ခံခဲ့ရသူတစ်ဦးပါ။

ကတ်သရင်းဟာ သာမန်အမျိုးသမီးတစ်ဦးလို့ ထင်ရပေမဲ့ တကယ်တမ်း မှာတော့ သူဟာ အရက်ရဲ့ကျေးကျွန် ဖြစ်နေသလို စိတ်ရောဂါ ဝေဒနာခံစားနေရတဲ့သူလို့လည်း တချို့က ယူဆကြပါတယ်။ ကတ်သရင်းက ဒုတိယမြောက်သား ဖြစ်တဲ့ ၄ နှစ်သားလေး ဒေ့ဗ်ကို ကျောင်းအင်္ကျီအစုတ်အပြဲနဲ့ ကျောင်းသွားစေခြင်း၊ ညစာမကျွေးခြင်း၊ မိသားစုနဲ့အတူ မနေရဘဲ ဂိုဒေါင်မြေအောက်ထပ်မှာ တစ်ကိုယ်တည်းအိပ်စက်စေခြင်း၊ အိမ်အလုပ်တွေကို သိမ်းကျုံးလုပ်ခိုင်းခြင်း စတဲ့ နည်းလမ်းတွေနဲ့ အပြစ်ပေးနှိပ်စက်ခဲ့ပါတယ်။

ဒေ့ဗ်က အိမ်မှာ ညစာလုံးဝမစားရတဲ့အတွက် ကျောင်းမှာ သူငယ်ချင်းတွေရဲ့ ထမင်းချိုင့်ကို ခိုးစားပြန်ရင်လည်း ကတ်သရင်းက ရိုက်နှက်ကာ အပြစ်ပေး တတ်သလို နောက်ပိုင်းမှာတော့ ဒေ့ဗ်မုန့်ခိုးစားသလားဆိုတာကိုသိရဖို့ ကျောင်းပြန်

mgyoe.com

mgyoe.com SAMPLE BOOK

ရောက်တိုင်း အိမ်သာထဲမှာအန်နိုင်းပြီး အန်ဖတ်တွေကိုပါ စစ်ဆေးခဲ့တဲ့အထိပါ။ ဒါ့အပြင် ဒေ့ဗ်က ထမင်းဆာလွန်းလို့ ကတ်သရင်းကို ဖွင့်ဟပြီး တောင်းခံလာတဲ့အခါ ကတ်သရင်းက လသားအရွယ်လောက်သာရှိသေးတဲ့ ဒေ့ဗ်ရဲ့ညီလေး ရက်ဆဲလ်သုံးထားတဲ့ ကလေးဒိုက်ပါထဲက အညစ်အကြေးတွေထဲကို ခေါင်းစိုက်ပြီး စားခိုင်းကာ နှိပ်စက်ခဲ့ပါသေးတယ်။ အဲဒီနောက် ဒေ့ဗစ်ကို လက်မောင်းရိုးကျိုးအောင် ရိုက်နှက်တာ၊ ဂတ်စ်မီးဖိုပေါ်တက်ပြီး မတ်တတ်ရပ်ကာ မီးရှို့တာ၊ ဗိုက်ကို ဓားနဲ့ထိုးတာတွေအပြင် ကလေးတစ်ယောက်အတွက် မသင့်လျော်တဲ့ အခြားလုပ်ရပ်တွေကိုလည်း ကျူးလွန်ခဲ့ပါသေးတယ်။

နောက်ပြီး တစ်ခါ အိမ်သာထဲမှာ ဒေ့ဗ်ကိုထည့်ပိတ်ပြီး အမိုးနီးယားအငွေ့ပေးကာ အသက်ရှူကျပ်သေအောင် ကြံစည်ခဲ့သလို ဒေ့ဗ်က ကျောင်းကန်တင်းက ဝက်အူချောင်းတွေ ခိုးစားလာတုန်းကလည်း အိမ်သာခွက်ထဲ အန်ချနိုင်းပြီး တစ်ဖတ်ချင်းပြန်ဆယ်ကာ ကောက်စားခိုင်းခဲ့သေးပါတယ်။ ဒါတင်မကဘဲ အိမ်အပေါ်ထပ်က မိသားစုတွေစားပြီးတဲ့ အကြွင်းအကျန်တွေကို အမှိုက်သွန်ရင်း အမှိုက်ပုံးထဲကနေ ရှာဖွေစားသောက်တတ်တဲ့ ဒေ့ဗ်ကို ရေတောင်မတိုက်ဘဲ အပြစ်ပေးခဲ့ပါတယ်။

ကတ်သရင်းဟာ တခြားညီအစ်ကိုတွေကိုလည်း ဒေ့ဗ်ဟာ လူဆိုးဖြစ်ကြောင်း၊ အတူတူ မဆော့သင့်ကြောင်းနဲ့ ဒေ့ဗ်ကို "ဟိုကြိုဟ်ကောင်လေး"လို့ပဲ ခေါ်ရမယ့်အကြောင်း သင်ထားတဲ့အပြင် တစ်အိမ်လုံးကိုလည်း စိတ်တိုင်းကျခြယ်လှယ်နေခဲ့ပါတော့တယ်။ ဒေ့ဗ်ရဲ့အဖေ ဂျိုးဇက်ဟာလည်း မိန်းမဖြစ်သူကတ်သရင်းကို မလွန်ဆန်ရဲဘဲ သားငယ်လေးကို နှိပ်စက်နေတာကို မမြင်ကွယ်ပြုခဲ့တဲ့အတွက် အိမ်မှာနေရတဲ့ နေ့ရက်တိုင်းဟာ ဒေ့ဗ်အတွက်တော့ ငရဲခံနေရတဲ့အတိုင်းပါပဲ။

ဒီလိုနေ့စဉ်ရက်ဆက် ငရဲခံနေရတဲ့ ဒေ့ဗ်ကို ကျောင်းသူနာပြုက သတိထားမိခဲ့ပြီး တစ်နေ့တစ်မျိုး မရိုးရအောင် ဒဏ်ရာရလာတတ်ကာ ဖန်တစ်ရာတေ ညစ်ပေနေတဲ့ ကျောင်းဝတ်စုံအပေါက်အပြဲတွေ ဝတ်ဆင်တတ်တဲ့ဒေ့ဗစ်ကို ချော့မော့မေးမြန်းတော့မှပဲ အပြစ်မှန်ပေါက်ကြားခဲ့ကာ ဒေ့ဗ်လည်း လူငယ်သင်တန်းကျောင်းဆီကနေ ကယ်ဆယ်ခံခဲ့ရပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ယခုလက်ရှိမှာတော့ ဒေ့ဗ်ဟာ အမေရိကန်လေတပ်မှာ တာဝန်ထမ်းဆောင်နေပြီး မိန်းမ၊ သားငယ်တို့နဲ့အတူ ပျော်ပျော်ရွှင်ရွှင် နေထိုင်လျက် ရှိပါတယ်။

ဒီစာအုပ်လေးကိုဖတ်ရှုပြီး စာဖတ်သူတို့အနေနဲ့ မိမိပတ်ဝန်းကျင်ကို လျစ်လျူရှုမထားကြဖို့၊ ကလေးသူငယ်တွေကို ကာကွယ်စောင့်ရှောက်ကြဖို့နဲ့ ကလေးသူငယ် အိမ်တွင်းအကြမ်းဖက်မှုတွေ ပပျောက်အောင် တစ်ဖက်တစ်လမ်းကနေ ပါဝင်ကူညီဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

သက်ပိုင်

၉-၇-၂၀၂၂

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# သက်သေခံချက်

## ဒေဒါပယ်လဲဇာ

## (ကလေးသူငယ် အိမ်တွင်းအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်ခဲ့သူ)

အတိတ်ရဲ့အရိပ်ဆိုးကြီးထဲမှာ ရှင်သန်ခဲ့ရတဲ့ကလေးတစ်ယောက်အနေနဲ့ ကျွန်တော်ဟာ ဘဝကို ကြောက်ရွံ့နေခဲ့သလို တစ်ယောက်တည်း အထီးကျန်ဆန်နေခဲ့ရပါတယ်။ ယခု ကျွန်တော်အရွယ်ရောက်လာတဲ့အခါမှာတော့ ကျွန်တော်တစ်ယောက်တည်းမဟုတ်မှန်း သိလိုက်ရပါပြီ။ ဒီကမ္ဘာပေါ်မှာ နှိပ်စက်ခံနေရတဲ့ကလေးတွေ ထောင်ချီပြီး ရှိနေကြပါသေးတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အမျိုးမျိုးထင်ကြေးပေးနိုင်ကြပေမဲ့ အမေရိကန်ကလေး ၅ ယောက်မှာ ၁ ယောက်ဟာ ရုပ်ပိုင်းဆိုင်ရာဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ၊ ဒါမှမဟုတ် လိင်မှုဆိုင်ရာဖြစ်စေ အနိုင်ကျင့်စော်ကား ခံနေရပါတယ်။ စိတ်မကောင်းစရာအချက်တစ်ခုကတော့ ဒီလိုအမှုတွေနဲ့ပတ်သက်ပြီး ထဲထဲဝင်ဝင်မသိတဲ့ လူထုဟာ အခုလို နှိပ်စက်ခံရမှုတွေဟာ မိဘတွေက သားသမီးတွေအပေါ် စည်းကမ်းတင်းကျပ်ရင်း မတော်တဆလက်လွန်သွားတဲ့အမှုအပြင် မပိုပါဘူးလို့ ထင်နေကြတာပါပဲ။ အဲဒီလို ယူဆကြတဲ့သူတို့ကိုယ်တိုင်ကတောင် ကလေးတစ်ယောက်ကို အလွန်အကျွံ ရိုက်နှက်ဆုံးမတာဟာ ကလေးရဲ့အနာဂတ်ကို အထောက်အပံ့မပြုဘူးလို့ ယူဆထားကြတဲ့သူတွေပါ။

သတိထားရမယ့်အချက်တစ်ချက်ကတော့ အတိတ်မှာ နှိပ်စက်ခံခဲ့ရတဲ့သူတွေဟာ တစ်ချိန်ချိန်မှာ ပတ်ဝန်းကျင်ကိုဖြစ်စေ၊ သူတို့ ချစ်ခင်ရတဲ့သူတစ်ယောက်ယောက်ကိုဖြစ်စေ ပြန်ပြီးနှိပ်စက်လာတတ်ကြတယ် ဆိုတာပါပဲ။ အင်မတန်ထူးခြားတဲ့ အမှုဖြစ်စဉ်တွေဟာ လူထုရဲ့ အာရုံစိုက်မှုခံရတတ်သလို

mgyoe.com

mgyoe.com SAMPLE BOOK

လူ့ပါးစပ်ဖျားလည်း စွဲလွယ်တတ်ပါတယ်။ ညစဉ်ညတိုင်း အိပ်ရာဝင်ခါနီးတိုင်း ကလေးကို သတိလစ်မေ့မြောတဲ့အထိ ထိုးကြိတ်တတ်တဲ့ ရှေ့နေ ဖခင် တစ်ယောက်ရဲ့အမှု၊ ကလေးငယ်လေးကို အိမ်သာကြွေအိုးထဲ နှစ်သတ်တဲ့ အဖေရဲ့အမှု စတဲ့ အမှုတွဲတွေကို ကျွန်တော်တို့ ကြားဖူးကြမှာပါ။ အမှုဖြစ်စဉ် နှစ်ခုလုံးမှာ ပါဝင်ပတ်သက်ခဲ့တဲ့ ကလေးတွေ သေဆုံးခဲ့ရပါတယ်။ နောက်ထပ် ထူးဆန်းတဲ့အမှုတစ်ခုကတော့ အမေရော အဖေပါ သူတို့ကလေးတွေကို သတ်ဖြတ်ပြီး လေးနှစ်လောက်ကြာအောင် အလောင်းကိုပါ ဝှက်ထားခဲ့တယ်ဆိုတဲ့ ဖြစ်ရပ်ပါပဲ။ နောက်ပြီး ငယ်ငယ်ကတည်းက နှိပ်စက်ခံကြီးပြင်းလာပြီးတဲ့နောက် လူကြီးဖြစ်လာတဲ့အခါမှာ အဲဒီကလေးက မက်ဒေါနယ်စားသောက်ဆိုင်ထဲမှာ စားသောက်နေတဲ့ကလေးတွေကို သေနတ်နဲ့ပစ်သတ်လို့ ရဲတွေကိုယ်တိုင် အသေ ဖမ်းခဲ့ရဖူးတဲ့အမှုတွေလည်း ရှိပါသေးတယ်။

အဖြစ်အများဆုံးအမှုတွေကတော့ လုံးဝ ပျောက်ချင်းမလှ ပျောက်ကွယ် သွားတတ်တဲ့ ကလေးတွေပါပဲ။ တချို့အိမ်မှာ နှိပ်စက်ခံရလို့ ထွက်ပြေးလာကြတဲ့ ကလေးတွေဆိုရင် ကုန်းတံတားတွေအောက်မှာ စက္ကူပုံးတွေကို အိမ်လုပ်ပြီး နေနေကြရတာမျိုးလည်း ရှိပါတယ်။ နှစ်စဉ်နှစ်တိုင်း အိမ်တွင်းအကြမ်းဖက်ခံရတဲ့ မိန်းကလေး မြောက်မြားစွာဟာ အိမ်ကနေ ထွက်ပြေးလာကြပြီး အသက်ရှင်သန်ဖို့ ပြည့်တန်ဆာလုပ်ငန်းနဲ့ ခန္ဓာကိုယ်ကို ရောင်းစားပြီး နေထိုင်ကြရတာမျိုးလည်း ရှိပါရဲ့။ တချို့ကျပြန်တော့လည်း အဖွဲ့တွေ၊ ဂိုဏ်းတွေနဲ့ ပါဝင်ပူးပေါင်းပြီး ရက်စက် ကြမ်းကြုတ်တဲ့လုပ်ငန်းတွေ လုပ်ကိုင်လာတတ်ကြပါတော့တယ်။

ငယ်စဉ်က အကြမ်းဖက်ခံခဲ့ရတဲ့ လူတော်တော်များများဟာ သူတို့ရဲ့ အတိတ်ကို သိုသိုသိပ်သိပ် ဖုံးဖိထားတတ်ကြပါတယ်။ တစ်ခါတလေ သူတို့ ကိုယ်တိုင် အကြမ်းဖက်တတ်တဲ့သူဖြစ်လာတာကို မမြင်နိုင်တဲ့အထိရယ်ပါ။ သူတို့တွေဟာ အများနည်းတူပဲ အိမ်ထောင်ဦးစီး၊ အိမ်ထောင်ရှင်မတွေ ဖြစ်လာ ကြကာ မိသားစုနဲ့အတူ ဒါမှမဟုတ် လုပ်ငန်းလုပ်ကိုင်ကြပြီး ပုံမှန် နေထိုင်တတ်ကြ သူတွေဖြစ်ပေမဲ့ နေ့စဉ်နေ့တိုင်း ကြုံတွေ့ရတဲ့ ပြဿနာသေးသေးလေးတွေကို သူတို့ငယ်စဉ်က ခံစားရဖူးတဲ့နည်းအတိုင်းပဲ အလွယ်တကူ ဖြေရှင်းတတ်ရာကနေ အိမ်တွင်းအကြမ်းဖက်သူတွေအဖြစ် ကူးပြောင်းမှန်းမသိ ကူးပြောင်းလာခဲ့ကြတာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီလိုလူတွေရဲ့ အဓိကပစ်မှတ်ကတော့ အိမ်ထောင်ဖက်တွေနဲ့ သားသမီးတွေပါပဲ။ ဒီလိုနဲ့ သံသရာဆိုးကြီးဟာ တစ်ဖန်ပြန်လည်လာပါတော့တယ်။

တချို့ကလေးသူငယ်အကြမ်းဖက်မှုတွေဟာ ဘယ်သူမှမသိဘဲ ပြီးသွားသလို ကိုယ်တိုင်ခံစားခဲ့ရတဲ့သူကပါ ဒီအကြောင်းတွေကို မေ့ပစ်လိုက်ရင် အချိန်တန်တဲ့အခါ ပြီးသွားမှာပဲလို့ တွေးလာတတ်ကြပါတယ်။ အမေရိကန်ပြည်ထောင်စုတင်မက နိုင်ငံတကာမှာ နှစ်စဉ်နှစ်တိုင်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအတွက် ရန်ပုံငွေ ဒေါ်လာသန်းချီ ကောက်ခံတတ်ကြပါတယ်။ အဲဒီရန်ပုံငွေတွေကို ဒေသန္တရရုံးခွဲတွေ၊ မိဘမဲ့ဂေဟာတွေနဲ့ လူငယ်ထိန်းသိမ်းရေးစခန်းတွေဆီ ခွဲဝေပေးကြသလို ကလေးသူငယ်တွေကို ကာကွယ်ပေးခြင်း၊ နှိပ်စက်ညှဉ်းပန်းတတ်တဲ့မိဘတွေနဲ့ ညှဉ်းပန်းခံရသူကလေးတွေကို ဆွေးနွေးညှိနှိုင်းပေးတဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေကိုလည်း ထောက်ပံ့ပေးလျက်ရှိပါတယ်။ နှစ်စဉ်နှစ်တိုင်း ဒီလိုအမှုတွဲတွေ တိုးလာတာကလည်း စိုးရိမ်စရာတစ်ချက်ပါ။ ဒါဆို ဘယ်အရာက ကလေးတွေကို အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားစေပါသလဲ။ ဒီကိစ္စက သူတို့ပြောကြသလိုရော ပြင်းထန်ပါရဲ့လား။ ဒီကိစ္စကို ရပ်တန့်ပစ်လို့ ရပါသလား။ အနိုင်ကျင့်နှိပ်စက်ခြင်းကို ကလေးတစ်ယောက်ရဲ့ ရှုထောင့်ကနေရော ရှုမြင်နိုင်ပါ့မလား။

အခု သင်ဖတ်ရှုလိုက်ရတဲ့ အကြောင်းအရာကတော့ သာမန် မိသားစုလေးနဲ့ သူတို့တွေကြားက ဖုံးကွယ်ထားတဲ့ လျှို့ဝှက်ချက်တစ်ခုအကြောင်းပါပဲ။ ဒီဖြစ်ရပ်မှန်ဇာတ်လမ်းကနေ စာဖတ်သူဆီပေးချင်တဲ့ သတင်းစကားနှစ်ရပ်ကတော့ အင်မတန်ကို ချစ်ခင်ကြင်နာတတ်လှပါပြီရဲ့ဆိုတဲ့ မိခင်တစ်ယောက်ဟာ အေးစက်ကြမ်းကြုတ်တဲ့သူအသွင်ကို ပြောင်းလဲသွားပြီး ကူကယ်မဲ့တဲ့ကလေးတစ်ယောက်ကို နှိပ်စက်ညှဉ်းပန်းလာနိုင်တယ်ဆိုတာနဲ့ မပြောပြနိုင်လောက်တဲ့ အနှောင့်အယှက်နှိပ်စက်ညှဉ်းပန်းမှုဒဏ်တွေကို ကြံ့ကြံ့ခံပြီး အောင်မြင်မှုရယူနိုင်ခဲ့တဲ့ လူသားတစ်ယောက်ရဲ့ သက်သေခံချက်ပါပဲ။

တချို့စာဖတ်သူတွေအနေနဲ့ ဒီဖြစ်ရပ်မှန်ဇာတ်လမ်းကို မယုံကြည်နိုင်ဘူးလို့ ယူဆနိုင်ကြပေမဲ့ ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုဆိုတာ ဘယ်လိုမှနားဝင်မချိုနိုင်တဲ့ ဖြစ်ရပ်ဆိုးကြီးတစ်ခုမှန်း မှာကြားလိုပါတယ်။ အိမ်တွင်းအကြမ်းဖက်မှုဟာ ပါဝင်ပတ်သက်နေတဲ့ ကလေးကနေတစ်ဆင့် အိမ်ထောင်ဖက်၊

mgyoe.com

mgyoe.com SAMPLE BOOK

ဆွေမျိုး စတဲ့ မိသားစုတစ်ဦးချင်းစီကို သက်ရောက်မှု ရှိတတ် ပါတယ်။ မကြားဝံ့ မနာသာ အော်ဟစ်ရိုက်နှက်မှုတွေကို ကြားပေမဲ့လည်း လက်ပိုက်ကြည့်နေတတ်တဲ့ အိမ်နီးနားချင်းတွေ၊ ခန္ဓာကိုယ်ပေါ်မှာ ညိုမည်းစွဲ ဒဏ်ရာတွေကို တွေ့ပေမဲ့လည်း ဂရုမစိုက်ဘဲ စာဆက်သင်နေတဲ့ ဆရာ၊ ဆရာမတွေ၊ သွေးသားချင်းမို့ လျစ်လျူရှု နေတတ်တဲ့ ဆွေမျိုးတွေဟာလည်း ဒီအကြမ်းဖက်မှုမှာ တစ်နည်းတစ်ဖုံ ပါဝင် နေတယ်ဆိုတာ သတိပြုထားသင့်ပါတယ်။

ဒီဇာတ်လမ်းဟာ အသက်ရှင်ကျန်ရစ်ခြင်းဆိုတဲ့ သတင်းစကားအပြင် အောင်မြင်ခြင်း၊ ဂုဏ်ပြုခြင်းဆိုတဲ့သတ္တိတွေ ပါဝင်နေတာကို စာဖတ်သူတို့ သတိပြု မိကြမှာပါ။ အင်မတန်ကို စိတ်ထိခိုက်စရာကောင်းတဲ့ စာပိုဒ်တွေထဲမှာတောင်မှ ကြံ့ကြံ့ခံနိုင်တဲ့ ကလေးရဲ့နှလုံးသားကို ဖတ်ရှုရမှာဖြစ်ပါတယ်။ ခန္ဓာကိုယ် တစ်ခုတည်း မထိခိုက်ရုံနဲ့ အသက်ရှင်တယ်လို့ ဆိုလို့မရပါဘူး။ စိတ်ဓာတ်မပြိုလဲ သွားတာဟာလည်း အောင်မြင်ခြင်းတစ်ရပ်ပဲ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော် အမှန်တကယ်ဖြတ်သန်းလာခဲ့ရတဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်း ဖြစ်ပါတယ်။ နှစ်ပေါင်း များစွာ ကျွန်တော်ဟာ စိတ်ထဲ အမှောင်ထဲမှာ အရှုံးသမားတစ်ယောက်လို လှောင်ပိတ်ခံထားခဲ့ရပါတယ်။ ပထမတော့ ကျွန်တော့်အတွက် အကြီးမားဆုံး ဆန္ဒဟာ တခြားသူတွေနည်းတူနေရဖို့ပါ။ ဒါပေမဲ့ ကျွန်တော် တကယ်တမ်း မှာတော့ သူတို့တွေထက် သာလွန်ပြီး အောင်နိုင်သူတစ်ယောက် ဖြစ်ချင်ခဲ့တာ အမှန်ပါ။ ကျွန်တော်ဟာ မွေးရပ်မြေအမေရိကကို လေတပ်ထဲမှာ ၁၃ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအချိန်မှာတော့ နိုင်ငံတစ်ဝှန်းမှာ လှောင်ပိတ်ခံထား ရသေးတဲ့ ကလေးတွေအတွက် ဟောပြောပွဲ၊ ဆွေးနွေးပွဲတွေလုပ်ပြီး ကူညီပေးနေခဲ့ ပါတယ်။ ကိုယ်တိုင်အကြမ်းဖက်နှိပ်စက်မှုကို ခံစားခဲ့ရတဲ့အတွက် ကျွန်တော်ဟာ ကလေးတစ်ယောက်ရဲ့အဖြစ်ကို မိဘတွေသိအောင် စွမ်းဆောင်လျက်ရှိပါတယ်။ အရေးအကြီးဆုံးတစ်ချက်ကတော့ ကျွန်တော်ဟာ ကလေးသူငယ် ညှဉ်းပန်း နှိပ်စက်ခြင်းဆိုတဲ့ သံသရာကြီးကို ကျွန်တော့်သားလေးဆီ လက်ဆင့်မကမ်း တော့ဘဲ သားလေးကို အသက်ထပ်တမျှ ချစ်မြတ်နိုးကာ ဒီသံသရာစက်ဝန်းကို အပြတ်ချေမှုန်းနိုင်ဖို့ ကြိုးစားခဲ့တယ်ဆိုတာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီနေ့ ကမ္ဘာပေါ်မှာ လူသန်းပေါင်းများစွာဟာ အကူအညီလိုအပ်လျက် ရှိကြပြီး သူတို့ကို လက်တစ်စုံကမ်းနိုင်ဖို့ဆိုတာ ကျွန်တော့်ရဲ့ အကြီးမားဆုံးဆန္ဒပါ။ လူတွေဟာ ဘယ်လောက်ပဲ ဆိုးရွားတဲ့အတိတ်ဆိုးကြီးကို ကျော်ဖြတ်လာခဲ့ရပါစေ စိတ်ရဲ့စွမ်းဆောင်မှုနဲ့အတူ သူတို့ဆန္ဒရှိတဲ့ ပိုကောင်းတဲ့ အနာဂတ်တစ်ခုကို တည်ဆောက်နိုင်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ တစ်ခါတလေ ကျွန်တော်ဟာ ငယ်ငယ်က အနိုပ်စက်ခံခဲ့ရတဲ့အတွက် ယနေ့ အခုလိုနေရာကို ရောက်လာတာ လို့တောင် တွေးဖူးတဲ့အချိန်တွေလည်း ရှိခဲ့ဖူးပါတယ်။ ကျွန်တော် တွေ့ကြုံခဲ့ရတဲ့ အတိတ်က အရိပ်မည်းကြီးကြောင့် ကျွန်တော့်ဘဝကို တန်ဖိုးထားသလို စုတ်ပြတ် နံ့ချာနေတဲ့ဘဝကို အခုလို ပြောင်းလဲနိုင်ခဲ့တဲ့အတွက်လည်း ကျွန်တော် ကိုယ့်ကိုယ် ကိုယ်ဂုဏ်ယူမိနေပါတော့တယ်။ ဒါဟာ ကျွန်တော် ဒေ့ဗ်ပယ်လ်ဇာရဲ့ ကိုယ်တွေ့ ဖြစ်ရပ်မှန်ဇာတ်လမ်းပဲ ဖြစ်ပါတယ်။

စီးပွားရေး၊ လူမှုရေး ပြောင်းလဲမှုတွေကြောင့်လည်း မိသားစုတွေရဲ့ စိတ်ဖိစီးမှုတွေဟာ ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုဆီ ကူးပြောင်းလာတတ် ပါတယ်။ တကယ်လို့ လူမှုအသိုင်းအဝိုင်းကသာ ဂရုပြုပြီး ပြဿနာကို ဖြေရှင်းလာ တတ်မယ်ဆိုရင် ညှဉ်းပန်းနှိပ်စက်မှု မြန်မြန်ပပျောက်သွားမှာ အသေအချာပါ။ ဒါမှလည်း ကလေးသူငယ်တွေကို ဘယ်လိုအကြောင်းအရာတွေက ညှဉ်းပန်း နှိပ်စက်မှုဆီ ဦးတည်သွားစေသလဲဆိုတဲ့ အကြောင်းအရင်းနဲ့ လိုအပ်တဲ့ ကူညီ ထောက်ပံ့မှုတွေကို ပေးစွမ်းနိုင်မှာဖြစ်ပါတယ်။ ကလေးဘဝဆိုတာ စိုးရိမ်ပူပန်မှု ကင်းကင်းနဲ့ ပြေးလွှားဆော့ကစားနေရမယ့် အချိန်တွေဖြစ်ပြီး စိတ်ဓာတ်အမှောင် ဖုံးလို့ အိပ်မက်ဆိုးကြီးထဲမှာ ထပ်တလဲလဲ ရှင်သန်နေရမယ့်ဘဝ မဟုတ်ကြောင်း ထပ်လောင်းပြောဆိုရင်း . . .

**ဒေ့ဗ်ပယ်လ်ဇာ**

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## စတီဖင်ဒ်ဒီးဗီဂလာ
## (ဒေ့ဗ် အတန်းပိုင်ကျောင်းဆရာ)

၁၉၉၂ ခုနှစ်၊ စက်တင်ဘာဟာ ကျုပ်အတွက်တော့ သာမန်ကျောင်းတက်နှစ်တစ်ခုထက် မပိုခဲ့ပါဘူး။ စာသင်လာတဲ့သက်တမ်း ၂၂ နှစ်အတွင်း ကျုပ် ဒီလိုစိတ်ရှုပ်ထွေးစရာ တာဝန်ကိစ္စတွေနဲ့ အကျွမ်းဝင်လာခဲ့တာကြာပါပြီလေ။ စာသင်နှစ်အသစ်ဖြစ်တာမို့ ကျောင်းသားပေါင်း ၂၀၀ နီးပါးရဲ့နာမည်တွေနဲ့ ဆရာ၊ ဆရာမအသစ်တွေရဲ့ နာမည်တွေကိုလည်း မှတ်မိအောင်ကြိုးစားနေခဲ့ရတာပေါ့ဗျာ။ နွေရာသီအားလပ်ရက်တွေကိုနှုတ်ဆက်ပြီး ခေါင်းခြောက်စရာ တာဝန်ဝတ္တရားအသစ်တွေကို ပွေ့ဖက်ရတော့မယ့်အချိန်လည်း ဖြစ်ပါတယ်။ စာသင်နှစ်အသစ်ရဲ့ပုံစံကတော့ အရင်အတိုင်းပါပဲ။ ဒါပေမဲ့ ၂၁ ရက်နေ့မှာဝင်လာတဲ့ တယ်လီဖုန်းမက်ဆေ့ချ်ကြောင့် ကျုပ်အတွေးတွေလည်း လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်ဆီ ပြန်လည်ရောက်ရှိသွားခဲ့ရပါတော့တယ်။

''ဒေးဗစ်ပယ်လ်ဇာက လွန်ခဲ့တဲ့နှစ် ၂၀ လောက်က ခင်ဗျား ပါဝင်ပတ်သက်ခဲ့တဲ့ ကလေးသူငယ်အကြမ်းဖက်မှုနဲ့ ပတ်သက်ပြီး ခင်ဗျားကို သူ့ရဲ့ကိုယ်စားလှယ်နဲ့ ဆက်သွယ်စေချင်ကြောင်း တောင်းဆိုလိုက်ပါတယ်''ဆိုတဲ့မက်ဆေ့ချ်ပဲပေါ့ဗျာ။ ဒေးဗစ်ပယ်လ်ဇာကို ကျုပ် ကောင်းကောင်းကြီးမှတ်မိတာပေါ့။ အဲဒီတုန်းက ကျုပ်ဟာ ကောလိပ်က ဘွဲ့ရထားတာ သိပ်မကြာသေးတဲ့ ဆရာပေါက်စလေးပေါ့ဗျာ။ ပြောရမယ်ဆို ကျုပ်ဖြင့် ဆရာတစ်ယောက်ရဲ့ တာဝန်ဝတ္တရားတွေကိုတောင် ကောင်းကောင်းမသိခဲ့သေးတာ ဝန်ခံရပါမယ်။ ကလေးသူငယ် အကြမ်းဖက်မှုဆိုတာ ကျုပ်နဲ့ အလှမ်းဝေးတဲ့ ဝေါဟာရတစ်ခုပါပဲ။ ၁၉၇၀ ပြည့်နှစ် အစောပိုင်းတုန်းကဆို ဒီလိုအမှုမျိုး တည်ရှိတယ်ဆိုတာ ကျုပ် လုံးဝမသိ

mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့ပါဘူး။ တကယ်လို့ တည်ရှိခဲ့ရင်တောင် ပွင့်လင်းမြင်သာမှုမရှိတဲ့ခေတ်စနစ်ကြောင့် လူမှုပတ်ဝန်းကျင်ကပဲ ဝိုင်းပြီး သိုသိုသိပ်သိပ်နဲ့ ဖုံးဖိလိုက်ကြတာ များပါတယ်။ ကျုပ်တို့ အတော်လေး ဒီဘက်ခေတ်မှာ ပွင့်လင်းမြင်သာမှုရှိလာကြသလို ဒီထက် ပိုပြီးလည်း ပွင့်လင်းလာဖို့ လိုအပ်ပါတယ်။

၁၉၇၂ ခုနှစ်၊ ကယ်လီဖိုးနီးယားပြည်နယ်၊ ဒယ်လေမြို့က သောမတ်စ် အယ်ဒီဆင်ကျောင်းသားအကြောင်းကို ကျုပ်ပြန်တွေးနေမိပါရဲ့။ ဒေးဗစ် ပယ်လ်ဇာက ကျုပ်အတန်းထဲက ၅ တန်းကျောင်းသားအသစ်ပေါ့ဗျာ။ အဲဒီအချိန် တုန်းက ကျုပ်ဟာ အတော့်ကို တုံးအတဲ့သူဖြစ်ပေမဲ့ ဒေးဗစ်နဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ ထူးခြားနေတယ်ဆိုတာတော့ ကျုပ်ခံစားမိပါတယ်လေ။ တခြား ကလေးတွေ နေ့လယ်စာဘူးထဲက မုန့်ပျောက်တိုင်း ဒီပိန်ကပ်ကပ်ကလေးပဲ အထင်ခံရသလို ခန္ဓာကိုယ်ပေါ်မှာလည်း ဒဏ်ရာတွေက တစ်နေ့တစ်မျိုး မရိုး ရအောင် တွေ့ရတတ်ပါတယ်။ အရာအားလုံးကို စပ်ဆက်ပြီး တွေးကြည့်မိ ပြန်တော့ ဒီကလေးဟာ အိမ်မှာ အင်မတန်ကို လွန်ကဲတဲ့ အပြစ်ပေးနည်းတွေ ခံယူရတဲ့ကလေးမှန်း ကျုပ်သတိထားမိလာပါတော့တယ်။ နောက်ထပ် နှစ်ပေါင်း များစွာကြာပြီးမှ ကြားရတဲ့သတင်းကတော့ ကျုပ် စာသင်ခန်းထဲမှာ နေ့စဉ်နဲ့အမျှ တွေ့နေရတဲ့ ကလေးရဲ့အမှုဟာ ကယ်လီဖိုးနီးယားပြည်ထောင်စုတစ်ခုလုံးက အဆိုးရွားဆုံးအမှုတွေထဲမှာ တတိယနေရာတောင် ချိတ်တဲ့အမှုဖြစ်တယ်ဆိုတာ ပါပဲ။ ကျုပ်နဲ့ လုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမတွေကိုယ်တိုင် တွေ့ကြုံခဲ့ရတဲ့ ဇာတ်လမ်းတွေကိုတော့ ဖွင့်ဟမပြောလိုတော့ပါဘူး။ ဒါဟာ ဒေးဗစ်ရဲ့ ကိုယ်ပိုင် အတွင်းရေးပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒေးဗစ် အခုလို သူကိုယ်တိုင်ခံစားခဲ့ရတဲ့ အတွေ့အကြုံတွေနဲ့ တခြားကလေးတွေကို ကူညီနေတာမြင်ရတာ ကျုပ် သိပ်ဝမ်းသာတာပဲ။ ဒေးဗစ်ရဲ့ သတ္တိကိုလည်း ကျုပ် သိပ်ကို ချီးကျူးဂုဏ်ယူပြီး လေးစားမိပါတယ်။ ဆရာ မင်းကို ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ် ဒေးဗစ်ရေ။ မင်း ဘယ်လောက်ထိ ဘဝကိုတိုးတက်အောင် ကြိုးစားလာရ သလဲဆိုတာ ဆရာ ခန့်မှန်းမိပါတယ်ကွာ။

**စတီဖင်အီးဇီဂလာ**

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း – ၁

# ငရဲခန်းမှ လွတ်မြောက်ခြင်း

**မတ်လ ၅ ရက်၊ ၁၉၇၃ ခုနှစ်၊ ဒယ်လေမြို့၊ ကယ်လီဖိုးနီးယား ပြည်ထောင်စု**

ကျွန်တော် နောက်တောင်ကျနေပါရောလား။ ကျွန်တော် ဒီပန်းကန်တွေကို အချိန်မီ မဆေးထားရင် မနက်စာငတ်ရပါဦးမယ်။ ပြီးတော့ မနေ့ညကတည်းက ကျွန်တော်ညစာမစားရသေးတာမို့ ဒီမနက်တော့ တစ်ခုခုစားရအောင် ကြံရပါဦးမယ်လေ။ အမေကတော့ ကျွန်တော့်ညီအစ်ကိုတွေရဲ့နာမည်ကို အော်ခေါ်ရင်း အိမ်အနှံ့လျှောက်သွားနေလေရဲ့။ အမေတစ်ယောက် မီးဖိုချောင်ထဲ ဒေါ်နဲ့မောနဲ့ ဝင်လာတာကို ကျွန်တော်ခံစားမိလိုက်ပါတယ်ဗျာ။ ကျွန်တော်လည်း ဘေစင်ထဲက ရေနွေးပူပူလောင်လောင်ထဲကို လက်နှစ်ပြီး ပန်းကန်ဆေးဖို့ ပြင်လိုက်တော့တာပေါ့။ ဒါပေမဲ့ ကျွန်တော် သိပ်နောက်ကျသွားခဲ့ပါပြီ၊ ကျွန်တော် ပန်းကန်မဆေးဘဲ ဘေစင်နားမှာ မတ်တတ်ရပ်နေတာကို အမေတွေ့ဖြစ်အောင် တွေ့သွားခဲ့ပါတယ်ဗျာ။

'ဖြန်း' အမေ ကျွန်တော့်မျက်နှာကို အားနဲ့လွှဲပြီး ရိုက်လိုက်တော့ ကျွန်တော်ဖြင့် ကြမ်းပြင်ပေါ် ပုံလျက်သားလေးကို လဲကျသွားတော့တာပေါ့။ ကျွန်တော် ချက်ချင်းပြန်ထပြီး ထပ်အရိုက်ခံရပါဦးမယ်လေ။ အခုလိုလဲကျပြီး ပြန်မထလာတိုင်း အမေက ကျွန်တော့်ကို ပြန်အာခံရကောင်းလားဆိုပြီး ပို့ပိုလို့ ရိုက်နေကျဗျ။ အဆိုးဆုံးအနေနဲ့ ကျွန်တော် ထမင်းတောင်ငတ်သွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်လည်း ချက်ချင်းဆိုသလို ပြန်ထပြီး ကျွန်တော့်မျက်နှာနားကပ်ကာ အော်ပြောနေတဲ့ အမေ့စကားတွေကို မျက်နှာလွှဲကာ နားထောင်နေလိုက်ပါတော့တယ်။ ကျွန်တော် အမေ့ရှေ့မှာ သူ့ကို ပြန်အာမခံရဲတဲ့ပုံစံနဲ့နေရင်း တွန့်ဆုတ် တွန့်ဆုတ်လုပ်နေခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျေးဇူးပြုပြီး ကျွန်တော့်ကို တစ်ခုခုတော့ စားခွင့်ပေးပါဗျ။ အမေ ရိုက်ချင်ရင် ကျွန်တော့်ကို ထပ်ရိုက်လိုက်ပါ။ ဒါပေမဲ့ ကျွန်တော် ဗိုက်ဆာလွန်းလို့ ပါဗျာ"လို့ ကျွန်တော့်စိတ်ထဲ ထပ်တလဲလဲ ရေရွတ်နေမိပါတော့တယ်။ ကျွန်တော့် ခေါင်းသာ ဘေစင်နံရံနဲ့ နောက်တစ်ချက် မိတ်ဆက်သွားခဲ့ပါတယ်လေ။ အမေ ကတော့ သူ့ကိုယ်သူ အကျေနပ်ကြီးကျေနပ်ရင်း မီးဖိုချောင်ထဲကနေ အောင်နိုင် သူကြီးတစ်ယောက်လို ထွက်ခွာသွားတော့မှပဲ ချုပ်တည်းထားတဲ့ မျက်ရည်တွေက ရတ်ချည်းဆိုသလို ကျွန်တော့်မျက်နှာပေါ်ကို လိမ့်ဆင်းကျလာတော့တာပေါ့။ ကျွန်တော် အမေ့ခြေလှမ်းတွေကို ရေတွက်ရင်း သူ မီးဖိုချောင်ကနေ အတော်လေး လှမ်းတဲ့နေရာဆီ ရောက်လောက်တော့မှပဲ သက်ပြင်းရှည်ကြီး တစ်ချက်ချမိလေရဲ့။ ကျွန်တော့်နည်းလမ်းက အလုပ်ဖြစ်ပါတယ်။ အမေ ကျွန်တော့်ကို ရိုက်ချင် သလောက် ရိုက်နှက်နေပါစေ၊ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ထပ်ပြီး အသက်ရှင် မနေချင်တော့တဲ့အထိ တွေးရလောက်အောင်တော့ သူ့ကိုကျေနပ်မှု မပေးနိုင်ပါ ဘူးလေ။

ကျွန်တော် ပန်းကန်တွေအားလုံးကို ဆေးကြောပြီး ကျန်တဲ့အိမ်မှုကိစ္စ တွေကိုပါ တစ်ဆက်တည်းပြီးအောင် ဆက်လုပ်လိုက်ပါသေးတယ်။ ကျွန်တော့် အတွက် ဆုလာဘ်ကတော့ ကျွန်တော့်ညီအစ်ကိုတွေ စားပြီးလို့ကျန်တဲ့ မနက်စာ အကျန်ကို ဆက်စားရတာပဲဗျ။ ဒီနေ့က ကျွန်တော့်အတွက် ကံကောင်းတဲ့နေ့လို့ ဆိုရပါမယ်။ ကျွန်တော့်ညီအစ်ကိုတွေ စားပြီးလို့ကျန်တဲ့ ပန်းကန်လုံးထဲမှာ နွားနို့ တစ်ဝက်နဲ့ စီရီယယ်နည်းနည်းလောက် ကျန်သေးတယ်လေ။ ကျွန်တော်လည်း အမေ့စိတ်ပြောင်းမသွားခင် ခပ်သုတ်သုတ်ပဲ မနက်စာကို မျိုချလိုက်ပါတော့တယ်။ အမေက စိတ်အပြောင်းအလဲ သိပ်မြန်တတ်တဲ့သူဗျ။ သူက အစားအသောက်ကို လက်နက်တစ်ခုလို အသုံးချတတ်တဲ့သူလေ။ အမေက စားကြွင်းစားကျန်တွေဆို အမှိုက်ပုံးထဲ လွှင့်ပစ်ပြီး ကျွန်တော့်ကို နှိပ်စက်နေကျပါ။ နောက်ကျရင် ကျွန်တော် အဲဒီအမှိုက်ပုံးထဲက သွားကောက်စားမှာကို အမေသိပါတယ်။ ကျွန်တော့်နည်းလမ်း တွေအားလုံးကို အမေသိနေတယ် ထင်ပါရဲ့ဗျာ။

မိနစ်ပိုင်းလောက်နေတော့ ကျွန်တော် မိသားစုစီးကားစုတ်ကြီးပေါ်မှာ နေရာယူပြီးနေနှင့်ပါပြီ။ ဒီနေ့ ကျွန်တော် အိမ်အလုပ်တွေလုပ်နေရလို့ နောက်ကျ


mgyoe.com

mgyobe.com SAMPLE BOOK

သွားရတယ် မဟုတ်ပါလား။ အဲဒါကြောင့်ပဲ သူက ကျွန်တော့်ကို ကျောင်းလိုက်ပို့ပေးတတ်တာပါ။ ပုံမှန်ဆိုရင် ကျွန်တော်က ကျောင်းကို ပြေးသွားနေကျလေ။ ကျွန်တော်လည်း ကျောင်းအရောက် အတန်းလည်းစဆိုတော့ ကျွန်တော့်အတွက် တခြားအတန်းသားတွေရဲ့ နေ့လယ်စာဘူးထဲက မုန့်ခိုးစားဖို့တောင် အချိန်မရတော့ဘူးဆိုပါတော့ဗျာ။

အမေက ကျွန်တော့်အစ်ကိုအကြီးဆုံးကို ကားပေါ်ကဆင်းခိုင်းပြီး ကျွန်တော့်ကိုတော့ မနက်ဖြန် ကျွန်တော့်အတွက် သူ့အစီအစဉ်တွေအကြောင်း ပြောပြဖို့ ကားပေါ်မှာ ခဏဆွဲထားလိုက်ပါသေးတယ်။ သူက ကျွန်တော့်ကို သူ့အစ်ကိုအိမ်ခေါ်သွားမယ်တဲ့လေ။ ဦးလေးဒန်က ကျွန်တော့်ကို အချိုးပြင်ပေးလိမ့်မယ်လို့ အမေက ခြိမ်းခြောက်တဲ့လေသံနဲ့ ပြောလိုက်ပါတယ်။ အဲဒီတော့ ကျွန်တော်လည်း သူ့စကားကြောင့် လန့်သွားတဲ့အမူအရာလေး လုပ်ပြလိုက်ရတာပေါ့ဗျာ။ ဦးလေးဒန်က ကြမ်းကြမ်းတမ်းတမ်း လူကြီးဆိုပေမဲ့ သူက အမေ့လို ကျွန်တော့်ကိုမဆက်ဆံမှာကိုတော့ ကျွန်တော်သိပါတယ်လေ။

အမေ ကားရပ်ဖို့နေရာကို ကျော်မသွားခင် ကျွန်တော်လည်း ကားပေါ်ကနေ ဆင်းလိုက်တော့တာပေါ့။ ဒါပေမဲ့ အမေက ကျွန်တော့်ကို ကားဆီပြန်လာဖို့ လှမ်းခေါ်လိုက်ပါတယ်လေ။ ကျွန်တော် တွန့်ကြေနေတဲ့ နေ့လယ်စာအိတ်ကို ယူဖို့ မေ့ကျန်ခဲ့တယ် မဟုတ်ပါလား။ ကျွန်တော့်အတွက်တော့ ကျောင်း နေ့လယ်စာဆိုတာ ၃ နှစ်လုံးလုံး နေ့တိုင်းစားနေကျ မြေပဲထောပတ်ယိုသုတ်၊ အသားညှပ်ပေါင်မုန့်၊ မုန်လာဥနီချောင်းလေးတွေရယ်ပါ။ ကျွန်တော် ကားပေါ်ကနေ ပြန်မဆင်းခင် အမေက ပြောလိုက်ပါသေးတယ်၊ "သူတို့ကို နင် တံခါးနဲ့ဝင်တိုက်မိတာလို့ ပြောလိုက်နော်" တဲ့လေ။ နောက်ပြီး သူက ကျွန်တော့်ကို ကြုံတောင့်ကြုံခဲ အသံငယ်ကလေးနဲ့ မှာလိုက်လေသေးရဲ့။ "ကျောင်းမှာ ပျော်အောင်နေနော်" ဆိုပဲ။ ကျွန်တော် အမေ့ရဲ့ နီရဲရောင်ကိုင်းနေတဲ့မျက်လုံးကို ပြန်ကြည့်လိုက်မိတော့တာပေါ့။ သူ့ကိုကြည့်ရတာ မနေ့ညက သောက်ထားတဲ့အရက်အရှိန်က မပြယ်သေးဘူးထင်ပါရဲ့ဗျာ။ တစ်ချိန်တုန်းက လှပပြီး တောက်ပြောင်ခဲ့ဖူးတဲ့ အမေ့ဆံနွယ်တွေကလည်း အခုတော့ ဖွတ်ဖွတ်ညက်ညက်ကြေနေတဲ့ ဆံပင်စုလောက်ပဲ ကျန်ပါတော့တယ်။ အမေက မိတ်ကပ်မလိမ်းကျံတတ်သလို ခန္ဓာကိုယ်ကလည်း


mgyobe.com

mgyoe.com SAMPLE BOOK

အတော့်ကို အဝလွန်နေတဲ့သူရယ်ပါ။ ဒါဟာ အမေ့အတွက်တော့ နိစ္စဓူဝပုံစံ ဖြစ်လာပါတော့တယ်။

ကျွန်တော် ဒီနေ့လည်း ကျောင်းနောက်ကျပြန်တာမို့ ကျောင်းအုပ်ရုံးခန်း ဆီသွားပြီး သတင်းပို့ရပါဦးမယ်။ ဆံပင်ညိုညိုနဲ့ အတွင်းရေးမှူးက ကျွန်တော့်ကို မြင်တော့ ပြုံးပြီးနှုတ်ဆက်လိုက်တော့တာပေါ့။ ခဏနေတော့ ကျောင်းသူနာပြု ဆရာမက အခန်းထဲကထွက်လာပြီး ကျွန်တော့်ကို သူ့ရုံးခန်းထဲခေါ်လို့ တစ်ကိုယ် လုံးကို ပုံမှန်အတိုင်း စစ်ဆေးပါလေရော။ သူက ပထမဆုံးအနေနဲ့ ကျွန်တော့် မျက်နှာနဲ့လက်မောင်းတွေကို ထောင့်စေအောင် ကြည့်ရှု စစ်ဆေးလိုက်ပါ တော့တယ်။

"သား မင်း မျက်လုံးအပေါ်နားကဒဏ်ရာက ဘာနဲ့ခိုက်မိထားတာ လဲကွယ်"လို့ သူက ကျွန်တော့်ကို မေးလိုက်ပါတယ်။ ကျွန်တော် သူ့အမေးကို ရှက်ကိုး ရှက်ကန်းနဲ့ ခေါင်းညိတ်လို့ ပြန်ဖြေလိုက်တယ်လေ။

"အိုး . . . ဟိုလေ ကျွန်တော် တံခါးနဲ့ဝင်တိုက်မိထားတာပါ၊ မတော် တဆပါဗျာ"

သူနာပြုဆရာမက ပြုံးရင်းကနေ ဗီရိုပေါ်က မှတ်တမ်းကတ်ပြားလေးကို လှမ်းယူလိုက်ပါတော့တယ်။ သူက ကတ်ပြားပေါ်မှာ ညှပ်ထားတဲ့စာရွက်တချို့ကို လှန်လှောပြီး ဒူးကွေးလို့ ကျွန်တော့်ကို စာရွက်တွေ ထိုးပြပါလေရော။

"ဒီမှာကြည့်စမ်း သား"

သူက စာရွက်ကို လက်ညှိုးထိုးပြရင်း ပြောလိုက်ပါတယ်။

"မင်းပြီးခဲ့တဲ့တနင်္လာနေ့ကလည်း အဲဒီလိုပဲပြောခဲ့တယ်လေ မှတ်မိလား"

အဲဒီတော့ ကျွန်တော်လည်း ချက်ချင်းဆိုသလိုပဲ ကျွန်တော့်ဇာတ်လမ်းကို ပြောင်းလိုက်ရတော့တာပေါ့ဗျာ။

"ဒီလိုပါ၊ ကျွန်တော် ဘော့စ်ဘောကစားရင်း ဘက်တံနဲ့ မတော်တဆ ရိုက်မိတာပါဗျာ"

မတော်တဆတဲ့လား။ ကျွန်တော့်အတွက်တော့ ဒီစကားလုံးကိုသုံးရတာ ရိုးတောင်နေပါပြီလေ။ ဒါပေမဲ့ သူနာပြုဆရာမကတော့ ကျွန်တော့်ထက် ပိုပြီး ပါးနပ်တဲ့ပုံပါပဲ၊ သူက ကျွန်တော့်ကို အမှန်တိုင်းပြောဖို့ဆူလေတော့ ကျွန်တော်လည်း


mgyoe.com

mgyoe.com SAMPLE BOOK

အရာအားလုံး သူ့ကို ဝန်ခံမိလိုက်ပါတော့တယ်။ အမေ့ကို ကာကွယ်ရမယ်လို့ စိတ်ထဲမှာတွေးနေမိပေမဲ့ ကျွန်တော် ဆရာမကို အစအဆုံးဝန်ခံမိလိုက်ပါတယ်ဗျာ။ ဆရာမက ကျွန်တော့်ကို အဆင်ပြေသွားမှာပါလို့ နှစ်သိမ့်ပြီး ကျွန်တော့်ကို အင်္ကျီချွတ်ပြဖို့ ခိုင်းလိုက်တော့တာပေါ့။ အမှန်အတိုင်းပြောရမယ်ဆိုရင် ပြီးခဲ့တဲ့နှစ်ကတည်းက ကျွန်တော့်ကို သူက ဒီလိုပဲစစ်ဆေးပေးနေကျမို့ ကျွန်တော် ချက်ချင်းပဲ သူ့စကားအတိုင်း လုပ်လိုက်ပါတယ်လေ။ ကျွန်တော့် လက်ရှည်အင်္ကျီမှာ ပေါက်နေတဲ့အပေါက်တွေဟာ ဆွစ်ဒိန်ခဲမှာပါတဲ့ အပေါက်ထက်တောင် ပိုများဦးမယ်ထင်ပါရဲ့။ ကျွန်တော်ကလည်း ဒီရှပ်အင်္ကျီကိုချည်း ၂ နှစ်တိုင်တိုင် အထပ်ထပ်အခါခါ ဝတ်နေခဲ့ရတာကိုးဗျ။ အမေက ကျွန်တော့်ကို အရှက်ခွဲချင်လို့ နေ့စဉ်ရက်ဆက် ဒီတစ်ထည်တည်းကိုပဲဆင်ပြီး ကျောင်းကိုလွှတ်လေ့ရှိပါတယ်။ ကျွန်တော့်ဘောင်းဘီကလည်း ရှပ်အင်္ကျီနည်းသူ စုတ်ပြတ်နေသလို ဒူးဖိနပ်မှာလည်း ခြေချောင်းနေရာမှာ အပေါက်ကလေးတွေတောင် ပေါက်လားပေါက်နေလေရဲ့။ ဒူးဖိနပ်အပေါက်တွေက တဖြည်းဖြည်းနဲ့ ကျယ်လာတာမို့ ကျွန်တော့် ခြေမတောင် အပေါက်ထဲကနေ အပြင်ကို ထုတ်လို့ရနေပါပြီ၊ ကျွန်တော် အောက်ခံဘောင်းဘီလေးပဲဝတ်လို့ မတ်တတ်ရပ်နေတုန်း သူနာပြုဆရာမက ကျွန်တော့် ခန္ဓာကိုယ်အနှံ့က အမာရွတ်နဲ့ ဒဏ်ရာတွေကို သေသေချာချာကြည့်ရှုပြီး သူ့မှတ်တမ်းစာရွက်လေးထဲမှာ ချရေးနေပါတော့တယ်။ ပြီးတော့ သူက အရင်က မတွေ့ခဲ့တဲ့ ကျွန်တော့်မျက်နှာပေါ်က ဓားဒဏ်ရာလိုအမှတ်အသားတွေကို လိုက်ရှာကြည့်နေလိုက်ပါသေးတယ်။ သူက တကယ့်ကို စေ့စပ်တဲ့သူပဲဗျ။ နောက်ပြီး ဆရာမက ကျွန်တော့်ကို ပါးစပ်ဟခိုင်းပြီး အမေ မီးဖိုချောင်ဘေစင်က အုတ်နံရံနဲ့ ကျွန်တော့်ခေါင်းကို ပြေးဆောင့်ထားလို့ ပွဲထွက်ပြီး နဲ့နေတဲ့သွားတွေကို ကြည့်လိုက်လေရဲ့။ သူက မှတ်တမ်းစာရွက်ပေါ်မှာ နောက်ထပ်မှတ်စုတချို့ ချရေးလိုက်ပါတော့တယ်။ သူ ကျွန်တော့်တစ်ကိုယ်လုံးကို ဆက်ပြီး စစ်နေရင်းနဲ့ ဗိုက်ပေါ်က အမာရွတ်ဟောင်းကိုတွေ့တော့ ရုတ်တရက်ဆိုသလို ရပ်ကာ ကျွန်တော့်ကို မေးလိုက်တာပေါ့။ "ပြီးတော့ . . . ဒါက"ဆိုပြီး ဆရာမက စကားမဆက်နိုင်ခင် တံတွေးမျိုချလိုက်လေရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

''ဒီနေရာက သူ မင်းကို ဓားနဲ့ထိုးထားတဲ့နေရာလား သား''

''ဟုတ်ကဲ့ ဆရာမ''လို့ ကျွန်တော်လည်း ပြန်ဖြေလိုက်တော့တာပေါ့။ စိတ်ထဲမှာတော့ 'သွားပါပြီကွာ၊ ငါ အမှားထပ်လုပ်မိပြန်ပြီ'လို့သာ ကျွန်တော် တွေးနေမိပါတော့တယ်။ ဆရာမလည်း ကျွန်တော့်မျက်လုံးထဲက စိုးရိမ်နေတဲ့ အရိပ်အယောင်တွေကို ခံစားမိတယ်ထင်ပါ့။ သူက မှတ်စုစာရွက်ကို ဘေးချပြီး ကျွန်တော့်ကိုဖက်ထားလိုက်ပါတော့တယ်။ ကျွန်တော့်စိတ်ထဲ 'အို သူ့ခန္ဓာကိုယ်က နွေးထွေးလိုက်တာ'လို့သာ တွေးနေမိလိုက်ပါတယ်။ ကျွန်တော် သူ့ကို ပြန်မလွှတ်ချင်မိတော့တာအမှန်ပါ။ သူ့ရဲ့ နွေးထွေးတဲ့ရင်ခွင်ထဲမှာ ကျွန်တော် ထာဝရနေချင်မိလိုက်တာဗျာ။ ကျွန်တော် မျက်လုံးတွေကို တင်းတင်းကျပ်ကျပ်မှိတ်ထားရင်း အရာအားလုံးကို တဒင်္ဂလောက်မေ့ထားလိုက်ပါတော့တယ်။ ဆရာမက ကျွန်တော့်ခေါင်းကို လက်နဲ့သပ်တော့ ဒီမနက်ပဲ အရိုက်ခံထားရတဲ့ဒဏ်ရာကြောင့် ကျွန်တော် ရုတ်တရက် တွန့်ခနဲဖြစ်သွားရပါတော့တယ်။ ခဏနေတော့ ဆရာမက ကျွန်တော့်ကို ဖက်ထားတာကို ရပ်လိုက်ပြီး အခန်းထဲကနေ ထွက်သွားတော့တာပေါ့။ အဲဒီတော့ ကျွန်တော်လည်း ချက်ချင်းဆိုသလို အဝတ်အစားတွေကို ခပ်မြန်မြန် ပြန်ဝတ်ထားလိုက်ပါတော့တယ်။ ဆရာမခမျာ ကျွန်တော် ဘယ်လောက်မြန်သလဲဆိုတာ ခန့်မှန်းနိုင်မှာတောင် မဟုတ်ပါဘူး။ ဒါပေမဲ့ ဘယ်အရာမဆို လျင်လျင်မြန်မြန် လုပ်တတ်တာက ကျွန်တော့်အတွက်တော့ အကျင့်တစ်ခု ဖြစ်နေခဲ့ပါပြီလေ။ အတော်လေးကြာတော့ သူနာပြုဆရာမက ကျောင်းအုပ်ကြီး မစ္စတာဟန်ဆန်၊ ဆရာမ မစ္စဝုစ်၊ ဆရာ မစ္စတာဇီဂလာတို့နဲ့အတူ အခန်းထဲကို ပြန်ဝင်လာခဲ့ပါတယ်။ မစ္စတာဟန်ဆန်ကတော့ ကျွန်တော် ရုံးခန်းရောက်တဲ့ အကြိမ်ပေါင်းများလွန်းလို့ ကျွန်တော့်ကို ကောင်းကောင်းသိနေပါပြီလေ။ သူက သူနာပြုဆရာမကမ်းပေးတဲ့ မှတ်တမ်းစာရွက်ကို လှန်လှောကြည့်ပြီး ကျွန်တော့်မေးစေ့ကို မ,လို့ မျက်လုံးချင်းဆုံအောင် ကြည့်လိုက်ပါတယ်။ ကျွန်တော် သူ့မျက်လုံးထဲကို တိုက်ရိုက်မကြည့်ရဲပါဘူးလေ။ အမေ့အကြည့်တွေကို ရှောင်ရပေါင်းများလို့ ကျွန်တော့်အတွက်တော့ အကျင့်တစ်ခုလို ဖြစ်နေပါပြီ။ နောက်ပြီး ကျွန်တော် သူ့ကို ဘာစကားမှ မပြောပြချင်ခဲ့ပါဘူး။ လွန်ခဲ့တဲ့တစ်နှစ်တုန်းက မစ္စတာ

mgyoe.com

mgyoe.com SAMPLE BOOK

ဟန်ဆန်ဟာ အမေ့ကိုဖုန်းဆက်ခေါ်ပြီး ကျွန်တော့်ခန္ဓာကိုယ်ပေါ်က ဒဏ်ရာတွေ အကြောင်း မေးခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်းက ဘာတွေဖြစ်နေသလဲဆိုတာ သူလည်း မသိခဲ့ပါဘူးလေ။ သူသိထားတဲ့အမှန်တရားကတော့ ကျွန်တော်ဟာ သူများနေ့လယ်စာ မုန့်ခိုးစားတဲ့ ကျောင်းသားဆိုးတစ်ယောက်ဆိုတာပါပဲ။ သူနဲ့ အမေ စကားပြောပြီး နောက်တစ်နေ့ ကျွန်တော် ကျောင်းကို အရင်ကထက် ပိုများတဲ့ဒဏ်ရာတွေနဲ့ ရောက်လာခဲ့ပေမဲ့ မစ္စတာဟန်ဆန်ကတော့ အမေ့ကို နောက်ထပ် ဘယ်တော့မှ ဖုန်းဆက်မခေါ်ဖြစ်ခဲ့တော့ပါဘူး။ မစ္စတာဟန်ဆန်က စိတ်ပျက်တဲ့အသံနဲ့ စုတ်တစ်ချက်သပ်လိုက်လေရဲ့။ ကျွန်တော်ဖြင့်ကြောက်လွန်းလို့ အသက်တောင် လွင့်သွားမလား အောက်မေ့ရပါတယ်ဗျာ။

'သူက အမေ့ကို ဖုန်းဆက်ခေါ်တော့မယ်ထင်တယ်'ဆိုတဲ့ အတွေးက ကျွန်တော့်ဦးနှောက်ထဲမှာ တရိပ်ရိပ်နဲ့ကို လည်ပတ်နေပါတော့တယ်။ နောက်ဆုံး ကျွန်တော်အကြောက်လွန်ပြီး ငိုချပစ်လိုက်မိတဲ့အထိပါပဲ။ ကျွန်တော် တစ်ကိုယ်လုံး တုန်ချည့်စွာနဲ့ မစ္စတာဟန်ဆန်ကို အမေ့ဆီဖုန်းမဆက်ဖို့ ကလေးလေး တစ်ယောက်လို သူ့ကို တောင်းပန်နေမိပါတယ်။

"ကျေးဇူးပြုပြီး မလုပ်ပါနဲ့ဗျာ။ ဒီနေ့တော့ မလုပ်လိုက်ပါနဲ့။ ဒီနေ့က သောကြာနေ့ဗျ" ဆိုတဲ့ ကျွန်တော့်ရဲ့ တောင်းပန်တိုးလျှိုးသံက ကလေးငယ်လေး အီနေတဲ့အတိုင်းရယ်ပါ။ မစ္စတာဟန်ဆန်ကတော့ သူ အမေ့ဆီ ဖုန်းဆက်မခေါ် ပါဘူးရယ်လို့ ကတိပေးပြီး ကျွန်တော့်ကို အတန်းထဲကို ပြန်လွှတ်လိုက်ပါ တော့တယ်။ ကျွန်တော်လည်း ပထမအတန်းချိန်လွတ်သွားတာမို့ မစ္စဝုဒ်ဝေါ့သ်ရဲ့ အင်္ဂလိပ်စာအတန်းဆီ တန်းသွားလိုက်တော့တာပေါ့။ ဒီနေ့အတန်းထဲမှာ ပြည်နယ် တွေရဲ့ နာမည်စာလုံးပေါင်းနဲ့ စာလုံးကြီးရေးသားခြင်းဆိုင်ရာ အတန်းတွင်း စာမေးပွဲလည်း ရှိနေပါသေးတယ်။ ကျွန်တော်ကတော့ စာမေးပွဲအတွက် ဘာမှ မပြင်ဆင်ခဲ့ရဘူးပေါ့ဗျာ။ ပုံမှန်ဆိုရင်တော့ ကျွန်တော်ဟာ ကျောင်းသားကောင်း စာရင်းထဲမှာဝင်တဲ့သူလို့ ပြောရပါမယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့လအနည်းငယ် ကတည်းက ကျွန်တော်ဟာ ကျောင်းသင်ခန်းစာနဲ့ ကျွန်တော့်ဘဝအပါအဝင် အရာအားလုံးကို လျစ်လျူရှုခဲ့ပါပြီလေ။


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ကျောင်းခန်းထဲဝင်လာတာနဲ့တစ်ပြိုင်နက် အတန်းထဲက ကျောင်းသားတွေက နှာခေါင်းရှုံ့ပြီး ကျွန်တော့်ဘက်ကို ရွံရှာတဲ့အကြည့်တွေနဲ့ ကြည့်လိုက်ကြပါတော့တယ်။ အင်္ဂလိပ်ဆရာမနေရာမှာ အစားထိုးဝင်သင်ပေးနေတဲ့ ဆရာမ ငယ်ငယ်လေးကလည်း ချက်ချင်းဆိုသလိုပဲ သူ့နှာခေါင်းနားကလေကို လက်နဲ့ယပ်ခတ်ကာ ပုတ်ထုတ်လိုက်တော့တာပေါ့။ သူက ကျွန်တော့်အနံ့ကို နှာခေါင်းမယဉ်သေးတဲ့သူမို့ပါလေ။ အစားထိုးဆရာမလေး ခပ်လှမ်းလှမ်းကနေ ရပ်လို့ ကမ်းပေးလိုက်တဲ့ စာမေးပွဲစာရွက်ကိုယူပြီး အတန်းရဲ့နောက်ဆုံးက ပြတင်းပေါက်နားမှာ သွားထိုင်ဖို့ လုပ်နေတုန်းမှာပဲ ကျွန်တော့်ကို ကျောင်းအုပ်ကြီးရုံးခန်းကနေ နောက်တစ်ခါ လာခေါ်တာကို ကြုံလိုက်ရပါတော့တယ်။ ကျွန်တော် အခန်းထဲက ထွက်ထွက်ချင်းမှာပဲ ၅ တန်းတစ်ခန်းလုံးက ကျောင်းသားတွေက အပယ်ခံကျွန်တော့်ကို တဝူးဝူး တဝါးဝါးနဲ့ လှမ်းလှောင်လိုက်ကြသေးလေရဲ့။

ခဏနေတော့ ကျွန်တော် ကျောင်းအုပ်ကြီးရုံးခန်းကို ပြန်ရောက်သွားခဲ့ပါပြီ၊ ကျွန်တော့်လည်ချောင်းတွေ ခြောက်ကပ်နေသလို မနေ့က အမေဆော့ခိုင်းတဲ့ကစားနည်းကနေ ရထားတဲ့ဒဏ်ရာကလည်း တဆစ်ဆစ် ကိုက်ခဲလို့ နေပါတော့တယ်။ ရုံးခန်းရှေ့က အတွင်းရေးမှူးက ကျွန်တော့်ကို ဆရာ ဆရာမနားနေခန်းထဲ ခေါ်သွားလိုက်တော့တာပေါ့။ အတွင်းရေးမှူးမိန်းမ တံခါးဖွင့်ဖွင့်ချင်းတစ်ပြိုင်နက် ကျွန်တော် အခန်းထဲကို ကျီးကန်းတောင်းမှောက်ကြည့်မိလိုက်ပါတယ်။ ကျွန်တော့်ရှေ့က စားပွဲမှာတော့ ကျွန်တော့်အတန်းပိုင်ဆရာမ မစ္စတာဇီဂလာ၊ သင်္ချာဆရာမ မစ္စဝုစ်၊ သူနာပြုဆရာမ၊ ကျောင်းအုပ်ကြီး မစ္စတာဟန်ဆန်နဲ့ ရဲအရာရှိကြီး တစ်ယောက်တို့က ဝိုင်းထိုင်ကာ နေရာယူထားကြလေရဲ့။ ကျွန်တော်ဖြင့် ကြောက်လွန်းလို့ ခြေထောက်တောင် လှုပ်မရတော့ပါဘူးဗျာ။ ကျွန်တော် အခုချက်ချင်း ထွက်ပဲပြေးရမလား၊ ရုံးခန်းခေါင်မိုးကြီး ပြိုကျတာကိုပဲ ထိုင်စောင့်နေရမလား မဆုံးဖြတ်တတ်တော့ပါဘူးလေ။ အတွင်းရေးမှူးက အပြင်ပြန်ထွက်ပြီး တံခါးပိတ်သွားတော့ မစ္စတာဟန်ဆန်က ကျွန်တော့်ကို ရှေ့ဆက်တိုးလာဖို့ လက်ကို ဝှေ့ယမ်းပြလိုက်တော့တာပေါ့။ ကျွန်တော်လည်း ဒီနေ့ ကျွန်တော်ဘာပစ္စည်းမှ မခိုးရသေးပါဘူးဆိုတဲ့ စကားကိုသာ တတွတ်တွတ်ပြောရင်း စားပွဲခုံထိပ်မှာ နေရာယူလိုက်ပါတော့တယ်။ အပြုံးတွေက လူတွေရဲ့ စိုးရိမ်စိတ်တွေကို


mgyoe.com

mgyoe.com SAMPLE BOOK

ပယ်ဖျက်ပေးနိုင်တယ်ဆိုတာ မှန်တယ်ဗျ။ ကျွန်တော့်ရှေ့မှာ ထိုင်နေတဲ့သူတွေဟာ သူတို့ရဲ့အလုပ်ကို အရဲစွန့်ပြီး ကျွန်တော့်ကို ကယ်တင်ဖို့ကြိုးစားနေတယ်ဆိုတာ ကျွန်တော် မသိခဲ့ပါဘူးလေ။

နောက်တော့ ရဲအရာရှိကြီးကစပြီး မစ္စတာဟန်ဆန် ဘာလို့ သူ့ကို ဖုန်းဆက်ခေါ်ခဲ့ရသလဲဆိုတဲ့ အကြောင်းအရင်း ကျွန်တော့်ကိုရှင်းပြလိုက်ပါတယ်။ ကျွန်တော်ဖြင့် စိုးရိမ်သိမ်ငယ်စိတ်တွေနဲ့အတူ ထိုင်နေတဲ့ထိုင်ခုံလေးထဲကို ခန္ဓာကိုယ်တစ်ခုလုံး ကျုံ့ဝင်သွားတယ်လို့တောင် ထင်နေမိတာ အမှန်ပါ။ အရာရှိကြီးက ကျွန်တော့်ကို အမေ့အကြောင်းပြောပြဖို့ ခိုင်းလိုက်ပါတော့တယ်။ ပထမတော့ ကျွန်တော် သူ့အမေးကိုခေါင်းခါပြလိုက်မိတာပေါ့။ အခုဆိုရင် လူအများကြီးတောင် ဒီလျှို့ဝှက်ချက်ကြီးကို သိနေကြပြီလေ။ မကြာခင် အမေလည်းသိသွားမယ်ဆိုတာ ကျွန်တော် ကြိုသိနေပါတယ်။ အဲဒီအချိန်မှာ နူးညံ့တဲ့အသံတစ်ခုက ကျွန်တော့်ကို နှစ်သိမ့်ပေးလိုက်တာကို ကျွန်တော်မှတ်မိပါတယ်။ အဲဒီအသံက မစ္စဇုစ်ရဲ့အသံလို့ ကျွန်တော်ထင်မိပါရဲ့။ သူက ကျွန်တော့်ကို အရာရှိကြီးမေးသမျှ မှန်မှန်ကန်ကန် ဖြေဖို့ နားချနေခဲ့တာပါ။ နောက်ဆုံးတော့ ကျွန်တော်လည်း အသက်ပြင်းပြင်း တစ်ချက်ရှုပြီး လက်ကို ဖျစ်ညှစ်လို့ အမေနဲ့ကျွန်တော့်ကြားက လျှို့ဝှက်ချက်ကို တွန့်ဆုတ်တွန့်ဆုတ်နဲ့ ပြောပြဖြစ်ခဲ့ပါတော့တယ်။ ပြီးတော့ သူနာပြုဆရာမက ကျွန်တော့်ကို မတ်တတ်ရပ်ခိုင်းပြီး အရာရှိကြီးကို ကျွန်တော့်ရင်ဘတ်က အမာရွတ်တွေကို ပြတော့တာပေါ့။ ကျွန်တော်လည်း သူတို့ခိုင်းသမျှလုပ်ရင်း ပါးစပ်ကလည်း ဒါဟာ မတော်တဆဖြစ်တာပါဆိုတဲ့စကားကို ထပ်တလဲလဲ ရေရွတ်မိနေပါတော့တယ်။ အမေက ကျွန်တော့်ကို ဓားနဲ့ထိုးဖို့ ရည်ရွယ်ခဲ့မှာမဟုတ်ပါဘူးလေ။ ကျွန်တော်ဟာ ဆိုးသွမ်းတဲ့ကလေးဖြစ်တာမို့ အမေက ကျွန်တော့်ကို အပြစ်ပေးရတဲ့အကြောင်းလည်း ကျွန်တော် မျက်ရည်စက်လက်နဲ့ ငိုရင်းပြောနေခဲ့ပါသေးတယ်။ ဒီနှစ်တွေထဲမှာ ဘယ်သူမှ ကျွန်တော့်ကို ထိထိရောက်ရောက် မကူညီပေးနိုင်ခဲ့ဖူးဆိုတာ ကျွန်တော် ကျင့်သားရနေပြီ မဟုတ်ပါလားဗျာ။

မိနစ်အနည်းငယ်ကြာတော့ သူတို့က ကျွန်တော့်ကို ရုံးခန်းအပြင်ဘက်မှာ ထိုင်စောင့်နေခိုင်းလိုက်ပါတယ်။ ကျွန်တော် အပြင်ထွက်ပြီး နောက်က ရုံးခန်း တံခါးကို ပြန်ပိတ်လိုက်တော့ ဆရာတို့အဖွဲ့က ထိုင်ခုံပေါ်မှာ ဂနာမငြိမ်နိုင်အောင်


mgyoe.com

mgyoe.com SAMPLE BOOK

စိတ်လှုပ်ရှားကာ ထိုင်နေရင်း အတွင်းရေးမှူးတစ်ယောက် စာရိုက်နေတာကို ကြည့်နေလိုက်ပါတော့တယ်။ အချိန်အတော်လေးကြာတော့ မစ္စတာဟာန်ဆန်က ကျွန်တော့်ကို ရုံးခန်းထဲပြန်ဝင်လာဖို့ ခေါ်လိုက်တယ်လေ။ မစ္စတာဇီဂလာနဲ့ မစ္စဝုစ် တို့ကတော့ နားနေဆောင်ဆီ ထထွက်သွားဖို့ ပြင်လိုက်ကြတော့တာပေါ့။ သူတို့ကို ကြည့်ရတာ ပြုံးပြုံးရွှင်ရွှင်နဲ့ ဆိုပေမဲ့လို့ တစ်ခုခုကို စိုးရိမ်နေတဲ့ပုံ ပေါက်နေတာ ကိုလည်း ငြင်းမရပါဘူးလေ။ မစ္စဝုစ်က ကျွန်တော့်ရှေ့မှာ ဒူးကွေးထိုင်ပြီး ကျွန်တော့်ကို နွေးနွေးထွေးထွေး ဖက်ထားလိုက်တော့ ကျွန်တော် သူ့ဆံပင်ဆီက ခပ်သင်းသင်းရေမွှေးနံ့ကို သတိထားမိလိုက်ပါတယ်။ မစ္စဝုစ်က သူ မျက်ရည်ကျ နေတာကို ကျွန်တော် မမြင်ရလေအောင် ချက်ချင်းပဲ လက်ကိုပြန်ရုတ်ပြီး ထထွက် သွားတော့တာပေါ့။ အခုတော့ ကျွန်တော်လည်း တကယ့်ကို စိတ်ပူမိနေပါပြီဗျာ။ မစ္စတာဟာန်ဆန်က ကျွန်တော့်ကို ကန်တင်းကနေ နေ့လယ်စာဗန်းယူပေးတော့ ''ဘုရားသခင်၊ နေ့လယ်စာစားချိန်တောင် ရောက်နေပြီတဲ့လား'' ဆိုပြီး ကျွန်တော်လည်း တအံ့တဩနဲ့ ရေရွတ်မိလိုက်ပါတော့တယ်။

ကျွန်တော် နေ့လယ်စာကို မြင်မြင်ချင်း လည်ချောင်းထဲကို ခပ်မြန်မြန် ထိုးသွင်းကာ မျိုချလိုက်တာမို့ အရသာခံချိန်တောင် မရလိုက်ဘဲ ခဏတွင်းချင်းကို စားလို့ ပြီးသွားတာပေါ့ဗျာ။ ကျောင်းအုပ်ကြီးပြန်ရောက်လာတော့ သူက ကျွန်တော့်ကို ကွတ်ကီးမုန့်တစ်ထုပ်ပေးပြီး ဖြည်းဖြည်းချင်းစီစားဖို့ပါ သတိပေးလိုက် လေရဲ့။ ကျွန်တော်ဖြင့် သူတို့ ဘာတွေလုပ်နေတယ်ဆိုတာ တွေးကိုမတွေးတတ် တော့ပါဘူးလေ။ ကျွန်တော် စဉ်းစားမိတာတစ်ခုကတော့ အမေနဲ့ကွဲနေတဲ့ ကျွန်တော့်အဖေများ ကျွန်တော့်ကို လာခေါ်လေသလားလို့ရယ်ပါ။ ဒါပေမဲ့ ဒီကိစ္စက ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော် အလိုလို နားလည်မိနေ ပါတယ်။ မကြာခင်မှာပဲ ရဲအရာရှိကြီးက ကျွန်တော့်ကို အိမ်လိပ်စာနဲ့ တယ်လီဖုန်း နံပါတ် လာမေးပါတော့တယ်။

''ကဲ ဒါပဲလေ၊ ငါကတော့ ငရဲခန်းကိုပြန်ရတော့မယ်။ ငါတော့ အိမ်ရောက်ရင် အရေခွံနွှာခံရတော့မယ်'' လို့ ကျွန်တော် ရုတ်ချည်းဆိုသလို တွေးလိုက်မိတော့တာပေါ့။ အရာရှိကြီးက မစ္စတာဟာန်ဆန်နဲ့ သူ့နာပြုဆရာမတို့ ရှေ့မှာ မှတ်စုတချို့ ချရေးလိုက်ပါတယ်။ ခဏကြာတော့မှ သူက မစ္စတာ


mgyoe.com

mgyoe.com SAMPLE BOOK

ဟန်ဆန်ကို လိုအပ်တဲ့အချက်အလက်တွေ အကုန်ရပါပြီလို့ ပြောပြီး လက်ထဲက မှတ်စုစာအုပ်ကို ပိတ်လိုက်တော့တာပေါ့။ ကျွန်တော် ကျောင်းအုပ်ကြီးကို တစ်ချက် မော့ကြည့်မိလိုက်တော့ သူ့မျက်နှာမှာ ချွေးတွေကလည်း ပြန်လို့ရယ်ပါ။ ကျွန်တော့် ဗိုက်ထဲမှာလည်း မအီမသာကြီးခံစားလာရပြီး သန့်စင်ခန်းထဲ ပြေးလို့သာ ထိုးအန်ချ ပစ်ချင်နေမိပါတော့တယ်။

မစ္စတာဟန်ဆန်က ရုံးခန်းတံခါးကိုဖွင့်လိုက်တော့ နေ့လယ်စာစားရင်း ကျွန်တော့်ကို စိုက်ကြည့်နေကြတဲ့ ဆရာ၊ ဆရာမအုပ်စုကြီးကို ကျွန်တော် တွေ့လိုက်ရပါတယ်။ ကျွန်တော်ဖြင့် သိပ်ရှက်မိတာပါပဲဗျာ။ ''သူတို့သိနေပါတယ်၊ သူတို့ ငါ့အမေအကြောင်း တကယ်အဖြစ်မှန်ကို သိနေကြတယ်''လို့ ကျွန်တော့် စိတ်ထဲ ကိုယ့်ကိုယ်ကိုယ် ပြန်ပြောနေမိတော့တာပေါ့။ ကျွန်တော်ဟာ အမေပြော သလို ဆိုးသွမ်းတဲ့ ကလေးတစ်ယောက်မဟုတ်မှန်း သူတို့သိဖို့ သိပ်အရေးကြီး ပါတယ်။ ကျွန်တော်က လူဆိုးလေးတစ်ယောက် မဟုတ်ပါဘူးဗျာ။ ကျွန်တော် သူတို့ဆီက အချစ်ခံချင်သလို အယုယလည်းခံချင်မိပါရဲ့။ ကျွန်တော် လျှောက်လမ်း ကျယ်ကြီးထဲ လမ်းလျှောက်သွားဖို့ ပြင်လိုက်ပါတယ်။ မစ္စတာဇီဂလာကတော့ နုပ်တရှုပ်ရှုပ်နဲ့ တိုးတိုးလေးငိုနေတဲ့ မစ္စဝုစ်ကို နှစ်သိမ့်ပေးနေတာပေါ့။ မစ္စဝုစ်က ကျွန်တော့်ကို နောက်တစ်ကြိမ် ဖက်ထားပြီးမှ နားနေဆောင်ထဲကို လမ်းလျှောက် ဝင်သွားပါတော့တယ်။ မစ္စတာဇီဂလာကလည်း ကျွန်တော့်လက်ကို ကိုင်ပြီး –

''သား လူလိမ္မာလေးဖြစ်အောင်နေနော်'' လို့ မှာလိုက်တယ်လေ။

''ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော် ကြိုးစားနေပါ့မယ်''လို့သာ ကျွန်တော် သူ့ကို ပြန်ပြီးအဖြေပေးလိုက်နိုင်ပါတယ်။ သူနာပြုဆရာမကတော့ မစ္စတာ ဟန်ဆန်ရဲ့ နောက်မှာ ငြိမ်ငြိမ်လေး မတ်တတ်ရပ်နေခဲ့ပါတယ်။ သူတို့အားလုံး ဝိုင်းပြီး ကျွန်တော့်ကိုနှုတ်ဆက်စကားဆိုနေကြတော့မှဖြင့် ကျွန်တော် ထောင်ကျ သွားပြီဆိုတာ သေချာသွားပြီပေါ့ဗျာ။ 'ဒါလည်းကောင်းတာပဲ'လို့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပြန်တွေးမိလိုက်ပါတယ်။ 'ငါ ထောင်ထဲရောက်နေရင် အနည်း ဆုံးတော့ အမေ ငါ့ကို ထပ်နှိပ်စက်လို့ မရတော့ဘူးလေ'။ ရဲအရာရှိကြီးနဲ့ ကျွန်တော် ကန်တင်းကိုဖြတ်ပြီး ကျောင်းရှေ့ထွက်လာဖြစ်ခဲ့ကြပါတယ်။ ကျွန်တော့် အတန်းထဲကကျောင်းသားတချို့လည်း ဘောလုံးကစားနေကြရင်းက ကျွန်တော့်ကို


mgyoe.com

mgyoe.com SAMPLE BOOK

ဝိုင်းပြီးကြည့်နေကြတော့တာပေါ့။ သူတို့က ''ဒေးဗစ်တော့ အဖမ်းခံလိုက်ရပြီဟေ့။ ဒေးဗစ်တော့ ထောင်ကျတော့မယ်''လို့ ဝိုင်းအော်တော့ အရာရှိကြီးက ကျွန်တော့် ပခုံးကိုကိုင်ပြီး အားလုံးအဆင်ပြေသွားမှာပါလို့ နှစ်သိမ့်ပေးလိုက်ပါတော့တယ်။ သောမတ်အက်ဒီဆင် မူလတန်းကျောင်းကလေးနဲ့ ဝေးရာ လမ်းမကြီးဆီကို အရာရှိကြီးက ကားမောင်းထွက်သွားတုန်း ကျွန်တော် အဖမ်းခံရလို့ ကြောင်ကြည့်နေကြတဲ့ ကျောင်းသားတချို့ကိုတောင် ကျွန်တော် ကားပေါ်ကနေ လှမ်းတွေ့လိုက်ပါသေးတယ်။ ကျွန်တော် ကျောင်းထဲကထွက်မလာခင်တုန်းကတော့ မစ္စတာ ဖီဂလာက သူကိုယ်တိုင် အတန်းသားတွေကို အဖြစ်မှန်ပြောပြပေးပါ့မယ်လို့ ကတိပေးလားပေးခဲ့ပါရဲ့။ ကျွန်တော်က သူတို့ထင်နေသလို လူဆိုးတစ်ယောက် မဟုတ်ဘူးဆိုတာ သူတို့သိသွားတဲ့ အခိုက်အတန့်ကို ကျွန်တော် သိပ်မြင်ချင်မိတာပဲဗျာ။

နောက်ထပ် မိနစ်အနည်းငယ်ကြာတော့ ကျွန်တော်တို့ ဒယ်လေမြို့ရဲစခန်းဆီ ရောက်လာခဲ့ကြပါတော့တယ်။ စခန်းမှာ အမေ ကြိုရောက်နေမယ်လို့ ထင်မိတော့ ကျွန်တော် ကားပေါ်ကနေတောင် မဆင်းချင်မိတော့ပါဘူးဗျာ။ အရာရှိကြီးကတော့ ကားတံခါးဖွင့်ပြီး ကျွန်တော့်ကို ကြင်ကြင်နာနာနဲ့ သူ့ရုံးခန်းထဲရောက်အောင် ဆွဲခေါ်သွားတော့တာပေါ့။ ရုံးခန်းထဲမှာ ဘယ်သူမှ ရှိမနေခဲ့ပါဘူး။ နောက်တော့ အရာရှိကြီးက နံရံထောင့်ကထိုင်ခုံမှာ ထိုင်ပြီး စာရွက်အချို့ပေါ်မှာ စာရိုက်နေလိုက်ပါတော့တယ်။ ကျွန်တော်လည်း လက်ထဲက ကျောင်းအုပ်ကြီးပေးခဲ့တဲ့ ကွတ်ကီးမုန့်ထုပ်လေးကိုက်စားရင်း အရာရှိကြီးလုပ်သမျှကို မျက်စိတစ်ဆုံးလိုက်ကြည့်နေမိတယ်လေ။ ကျွန်တော် ကွတ်ကီးမုန့်ကိုတော့ လျှာပေါ်မှာ တတ်နိုင်သမျှ ကြာအောင် အရသာခံနေမိခဲ့ပါတယ်။ နောက်တစ်ခါ ဒီလိုအရသာရှိတဲ့မုန့်မျိုးစားရဖို့ဆိုတာ ကျွန်တော့်အတွက် မျှော်လင့်ထားလို့ ရတာမှမဟုတ်တာပဲဗျာ။

နေ့လယ် ၁ နာရီကျော်မှပဲ ရဲအရာရှိကြီးရဲ့ စာရွက်စာတမ်းတွေ အားလုံးလည်း ပြင်ဆင်လို့ပြီးပါတော့တယ်။ အဲဒီတော့ သူက ကျွန်တော့်ကို တယ်လီဖုန်းနံပါတ် ထပ်မေးတယ်လေ။ ''ဘာဖြစ်လို့လဲဗျာ''လို့ ကျွန်တော် အသံငယ်လေးနဲ့ သူ့ကိုပြန်မေးလိုက်ပါတယ်။ ''ဦးက သူ့ကိုဖုန်းခေါ်ရဦးမယ် ဒေးဗစ်ရ'' ဆိုပြီး သူက ညင်ညင်သာသာပဲ ပြန်ဖြေလိုက်တာပေါ့။


mgyoe.com

mgyoe.com
SAMPLE BOOK

"ဟင့်အင်း"

ကျွန်တော် အကြောက်အကန် ငြင်းလိုက်မိပါတယ်။

"ကျွန်တော့်ကို ကျောင်းပြန်ပို့ပေးပါ။ ဦးလေးမသိဘူးလား၊ ကျွန်တော် ဒီလျှို့ဝှက်ချက်ကို ပြောပြလိုက်တယ်ဆိုတာ သူသိလို့ မရဘူးဗျ"

ဒါပေမဲ့ သူ ကျွန်တော့်ကို ကွတ်ကီးမုန့် နောက်တစ်ထုပ်ပေးပြီး ငြိမ်ငြိမ်လေး နေခိုင်းလိုက်ပါတယ်။ သူကတော့ ကျွန်တော် လက်လျှော့ပြီး ပြောပြလိုက်တဲ့ ဖုန်းနံပါတ် ၇-၅-၆-၂-၄-၆-၀ ကို ဖြည်းဖြည်းချင်းစီ ဖုန်းဒိုင်ခွက်ပေါ်မှာ နှိပ်နေလေရဲ့။ သူ့လက်ထဲက အနက်ရောင်ဖုန်းဒိုင်ခွက်ကလေး လည်နေတာကို ကြည့်ပြီး တစ်ဖက်က ဖုန်းသံကိုနားစွင့်ရင်း ကျွန်တော် သူ့အနားကို လမ်းလျှောက်သွားလိုက်တော့တာပေါ့။ တစ်ဖက်က အမေဖုန်းဖြေတာကို ကျွန်တော် ကြားလိုက်ရပါတယ်၊ အမေ့အသံကိုကြားတာနဲ့ ကျွန်တော် ကြောက်နေမိပါတယ်ဗျာ။ အရာရှိကြီးကတော့ ကျွန်တော့်ကို ဝေးဝေးမှာထိုင်နေဖို့ လက်ဟန်ပြပြီး အသက်ပြင်းပြင်း ရှူလိုက်ကာ "မစ္စပယ်လ်ဇာလား ခင်ဗျာ၊ ကျွန်တော်က ဒယ်လေမြို့ ရဲစခန်းက ရဲဝန်ထမ်း စမစ်သ်ပါ။ ခင်ဗျားသား ဒေးဗစ် ဒီနေ့ အိမ်ပြန်လာဖြစ်မှာမဟုတ်ပါဘူး။ သူ့ကို လတ်တလောအနေနဲ့ ဆန်မတ်တီအို လူငယ်ပြုပြင်ရေးသင်တန်းကျောင်းမှာ ထိန်းသိမ်းထားပါမယ်။ ခင်ဗျားသိချင်တဲ့ကိစ္စအရပ်ရပ်ကို သင်တန်းကျောင်းကို တိုက်ရိုက်ဖုန်းခေါ်ဆိုပြီး မေးမြန်းနိုင်ပါတယ် ခင်ဗျာ"လို့ ပြောပြီး ဖုန်းချကာ ကျွန်တော့်ကို ပြုံးပြလိုက်ပါတော့တယ်။

"ကဲ ဘယ်လိုလဲ။ အခု သိပ်ကြောက်ဖို့ မကောင်းတော့ဘူး မဟုတ်လားကွ ဟေ" ဆိုပြီး သူက ကျွန်တော့်ကို မေးလိုက်ပါသေးတယ်။ ဒါပေမဲ့ သူ့မျက်နှာအနေအထားကတော့ ကျွန်တော့်ထက်ကို ပိုပြီး စိတ်လက်ပေါ့ပါးသွားတဲ့ အတိုင်းပါပဲ၊ အဝေးပြေးလမ်းမ ၂၈၀ ပေါ်မှာ မိုင်အနည်းငယ်ခန့် ကားမောင်းပြီးတဲ့ အခါ ကျွန်တော်နဲ့ အရာရှိကြီးတို့လည်း ဒယ်လေမြို့ရဲ့ ဆင်ခြေဖုံးရက်ကွက်တွေဆီ ဦးတည်လို့ ခရီးနှင်လာခဲ့ကြပါပြီ၊ ကျွန်တော် ညာဘက်ပြတင်းကို ကြည့်လိုက်တော့ 'ကမ္ဘာပေါ်ရှိ အလှပဆုံးသော အဝေးပြေးလမ်းမကြီး'လို့ ရေးထားတဲ့ ဆိုင်းဘုတ်ကို တွေ့လိုက်ရတော့တာပေါ့။ မြို့ပြင်ရောက်လာတော့မှ အရာရှိကြီးက သက်ပြင်း ချလို့ ပြုံးပြီး ပြောလိုက်ပါဟော့တယ်။


mgyoe.com

mgyoe.com SAMPLE BOOK

''ဒေးဗစ်ပယ်လ်ဇာ၊ မင်း လွတ်မြောက်သွားပြီကွ'' တဲ့လေ။

''ဘယ်လို''

ကျွန်တော် လက်နှစ်ဖက်ကို ဖျစ်ညှစ်ရင်း တအံ့တသြနဲ့ ပြန်မေးမိလိုက်ပါတယ်။

''ကျွန်တော်နားမလည်ဘူးဗျ။ ဦးက ကျွန်တော့်ကို ထောင်ထဲခေါ်သွားမှာမဟုတ်ဘူးလား''

သူက ထပ်ပြုံးပြီး ကျွန်တော့်ပခုံးကို အသာအယာ ဖျစ်ညှစ်လိုက်တော့တာပေါ့။

''မဟုတ်ဘူး ဒေးဗစ်။ မင်းအတွက် ဘာမှစိုးရိမ်စရာမရှိတော့ဘူး။ မင်းအမေ မင်းကို နောက်ထပ် ဘယ်တော့မှ နာကျင်အောင် လုပ်လို့မရတော့ဘူးလို့ ဦး ကတိပေးတယ် သိလား''

ကျွန်တော် ကားထိုင်ခုံကို မှီပြီး ထိုင်ချလိုက်ပါတော့တယ်။ နေရောင်ခြည်ရဲ့ ရောင်ပြန်က ကျွန်တော့်မျက်လုံးထဲမှာ ထင်ဟပ်နေတော့တာပေါ့။ ကျွန်တော် မျက်လုံးကလေး မှေးလိုက်တုန်းမှာပဲ မျက်လုံးထဲက မျက်ရည်တစ်စက်က ကျွန်တော့်ပါးပြင်ပေါ် လိမ့်ဆင်းလာပါတော့တယ်။

''နောက်ဆုံးတော့ ငါက လွတ်လပ်သွားပြီတဲ့လား''


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း – ၂

## အတိတ်က ပျော်ရွှင်ချိန်များ

ကျွန်တော် အိမ်တွင်းအကြမ်းဖက်မခံရခင် နှစ်တွေတုန်းကတော့ ကျွန်တော်တို့မိသားစုဟာ ၁၉၆၀ ပြည့်နှစ်တုန်းက ထုတ်လွှင့်ပြသခဲ့ဖူးတဲ့ ဘရေဒီဘန့်ချ် (Brady Bunch) ဟာသရုပ်သံဇာတ်လမ်းတွဲလိုမျိုး ပျော်စရာကောင်းခဲ့တာပေါ့ဗျာ။ အဖေနဲ့အမေဟာ ကျွန်တော့်ညီအစ်ကိုနှစ်ယောက်နဲ့ ကျွန်တော့်အတွက် လုံးဝကို ပြီးပြည့်စုံတဲ့ မိဘတွေပါပဲ။ ကျွန်တော်တို့လုပ်သမျှကိစ္စတိုင်းဟာ အဖေနဲ့အမေတို့ရဲ့ ဂရုစိုက်မှု၊ ချစ်မြတ်နိုးမှုတို့နဲ့ လွှမ်းခြုံကာရှိနေခဲ့ပါတယ်။

ကျွန်တော်တို့မိသားစုဟာ ဒယ်လေမြို့ထဲက ရပ်ကွက်ကောင်းလို့ခေါ်ရမယ့်နေရာမျိုးက အိပ်ခန်း ၂ ခန်းပါတဲ့ လုံးချင်းအိမ်ကလေးမှာ နေထိုင်ခဲ့ကြပါတယ်။ နောက်ပြီး နေသာတဲ့နေ့မျိုးမှာ ညေ့ခန်းပြတင်းပေါက်ကနေ ဂိုးဒန်းဂိတ်တံတားကြီးနဲ့ ဆန်ဖရန်စစ္စကိုမြို့ရဲ့ လှပတဲ့ကောင်းကင်ကြီးကို ကျွန်တော်ငေးကြည့်ဖူးတာကိုလည်း သတိရကောင်း ရမိပါရဲ့။

ကျွန်တော့်အဖေ စတီဖင်ဂျိုးဆက်ဖ်ဟာ ဆန်ဖရန်စစ္စကိုမြို့ထဲက မီးသတ်ဌာနမှာ မီးသတ်သမားအဖြစ်နဲ့ တာဝန်ထမ်းဆောင်ရင်း မိသားစုကို ရှာဖွေကျွေးနေခဲ့တဲ့ အိမ်ဦးစီးရယ်ပါ။ အဖေ့အရပ်က ၅ ပေ ၁၀ လက်မလောက်ရှိပြီး ကိုယ်အလေးချိန်ကတော့ ပေါင် ၁၉၀ လောက် ရှိပါတယ်။ ကိုယ်ခန္ဓာ တောင့်တင်းကြံ့ခိုင်ပြီး ယောကျ်ားတိုင်းလိုချင်လောက်တဲ့ ကျယ်ပြန့်တဲ့နဖူးပြင်နဲ့ ပခုံးတို့ကိုလည်း အဖေက ပိုင်ဆိုင်ထားတယ်လေ။ သူ့ရဲ့မျက်ခုံးမွေးနက်နက်က နက်မှောင်တဲ့ ဆံကေသာအောက်မှာ ထင်ထင်ရှားရှားတည်ရှိနေကြသလို အဖေက ကျွန်တော့်ကို မျက်စိတစ်ဖက်မှိတ်ပြီး ''ငါ့သားကျားကြီး''လို့ ခေါ်တိုင်း ကျွန်တော် သိပ်ပျော်မိပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်အမေ ကတ်သရင်းရှိရာဗာကတော့ သာမန်ကိုယ်အလေးချိန်နဲ့ ရုပ်ရည်ရှိတဲ့ မိန်းမမျိုးပါပဲ။ ကျွန်တော့်အမေရဲ့ မျက်လုံးအရောင်ကို ဘယ်လိုမှ မမှတ်မိပေမဲ့ အမေက သားသမီးတွေကို ချစ်ခင်တတ်တဲ့ မိခင်မျိုး ဖြစ်တယ်ဆိုတာ ကိုတော့ ကျွန်တော် တပ်အပ်ပြောနိုင်ပါတယ်လေ။ အမေနဲ့ပတ်သက်ပြီး ထူးထူး ခြားခြား ရှိတာကတော့ သူဟာ သိပ်ကို စိတ်ဓာတ်ကြံ့ခိုင်တဲ့အမျိုးသမီးဆိုတာပါပဲ။ မိသားစုထဲမှာ ဘယ်လိုကိစ္စပဲ ကြုံလာပါစေ အမေကပဲ ဒိုင်ခံဖြေရှင်းတတ်သလို အမေ့မှာ ဘယ်လိုဖြေရှင်းရမလဲဆိုတဲ့ အဖြေက ရှိတတ်စမြဲပါ။ တစ်ခါတုန်းကပေါ့ ကျွန်တော် လေး ငါးနှစ်သားအရွယ်လောက်တုန်းက အမေက သူ့ကိုယ်သူ နေမကောင်းဖြစ်နေတယ်လို့ ပြောဖူးတာကို မှတ်မိပါသေးတယ်။ သူ့ကိုကြည့်ရတာ စိတ်နဲ့ကိုယ်နဲ့မကပ်ဘဲ ကယောင်ချောက်ချားဖြစ်နေတဲ့အတိုင်းပါပဲလေ။ အဲဒီနေ့က မီးသတ်ဌာနမှာ အဖေ အလုပ်လုပ်နေရတဲ့နေ့ကလေးပေါ့ဗျာ။ ညနေစာပြင်ပေး ပြီးတော့ အမေက စားပွဲကနေ ရုတ်ခနဲဆိုသလို ဂိုဒေါင်ဆီဆင်းတဲ့ လှေကားကို ဆေးသုတ်ဖို့ ထသွားတော့တာပေါ့။ အမေက လှေကားတစ်ထစ်ချင်းဆီကို ဆေးအနီရောင်သုတ်ရင်း ချောင်းကလည်း တဟွတ်ဟွတ်နဲ့ကို ဆိုးနေပါ တော့တယ်။ ပြီးတော့ ဆေးမခြောက်သေးခင် အမေက အပေါ်ကနေ ကြက်ပေါင် စေးဖျာကို ထပ်အုပ်ကာ ရိုက်လိုက်တော့ ဆေးနီတွေက ဖျာတွေကိုပါ စိုကုန် တယ်လေ။ အလုပ်တွေအားလုံးပြီးတော့ အမေက အိမ်ထဲပြန်ဝင်လာပြီး ထိုင်ခုံရှည် ပေါ်မှာ ပစ်လှဲချလိုက်ပါတော့တယ်။ ကျွန်တော်က အမေ့ကို ဘာလို့ ဆေးမခြောက် သေးခင် အပေါ်က ဖျာရိုက်ရသလဲလို့မေးတော့ သူက ပြုံးပြီး ''အမေက သားအဖေကို အံ့ဩသွားစေချင်လို့ပါကွယ်''လို့ ပြန်ဖြေလိုက်လေရဲ့။

အိမ်မှုကိစ္စ ထိန်းသိမ်းတဲ့နေရာမှာဆို အမေက တကယ့်ကို အသန့်အပြန့် သိပ်ကြိုက်တဲ့သူပဲဗျ။ ရော်နယ်နဲ့ စတန်ဆိုတဲ့ ကျွန်တော့်ညီအစ်ကိုနှစ်ယောက်နဲ့ ကျွန်တော့်ကို မနက်စာကျွေးပြီးတိုင်း အမေက တစ်အိမ်လုံးကို တံမြက်စည်းလှဲ၊ ပိုးသတ်၊ ကြမ်းတိုက်၊ ဖုန်စုပ် စတဲ့ အလုပ်မှန်သမျှကို လုပ်တော့တာပါပဲ။ သူက အိမ်ထဲမှာရှိတဲ့ ဘယ်အခန်းမှ မကျန်ရလေအောင်လည်း ထောင့်စေ့အောင် လုပ်တတ်ပါသေးတယ်။ ကျွန်တော်တို့ညီအစ်ကိုတွေ အသက်ကလေး နည်းနည်း ကြီးလာတော့ အမေက ကျွန်တော်တို့ကို ကိုယ့်အိပ်ရာကိုယ်ထိန်းသိမ်းတတ်အောင်


mgyoe.com

mgyoe.com
SAMPLE BOOK

သင်ပေးခဲ့ပါတယ်။ အိမ်အပြင်ဘက်မှာ အမေပျိုးထားတဲ့ ဥယျာဉ်ငယ်လေးကလည်း အရောင်အသွေးစုံလင်လှလွန်းလို့ အိမ်နီးချင်းတွေဆီက ချီးကျူးစကားကို အမြဲကြားနေရတတ်တယ်လေ။ အရာရာက အမေ့လက်နဲ့ထိတိုင်း ရွှေဖြစ်တာချည်းပါပဲ။ အမေက ဘယ်အရာကိုပဲလုပ်လုပ် တစ်ဝက်တစ်ပျက်လုပ်တာကို သိပ်မုန်းတဲ့သူပဲ မဟုတ်ပါလား။ အမေက ကျွန်တော်တို့ကိုတောင် ဘယ်လိုကိစ္စမျိုးကိုပဲဆောင်ရွက်ပါစေ အကောင်းဆုံးလုပ်ဆောင်ရမယ်လို့ အမြဲတမ်း ဆုံးမနေကျပါ။

နောက်ပြီး အမေက ဟင်းချက်လည်း သိပ်တော်တာပဲဗျ။ မိသားစုအတွက် သစ်လွင်ပြီး ထူးခြားဆန်းပြားတဲ့ ဟင်းလျာတွေ ချက်ပြုတ်ရတာ အမေ့အကြိုက်ဆုံးဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။ အဖေ အိမ်မှာနားတဲ့ ရက်တွေဟာ ကျွန်တော်တို့အားလုံးအတွက် အပျော်ဆုံးပါပဲ။ အဲဒီလိုနေ့တွေဆို အမေက ကျွန်တော်တို့အတွက် အထူးခြားဆုံးနဲ့ အရသာအရှိဆုံး ဟင်းလျာတွေကို တစ်နေကုန် ပြင်ဆင်တတ်တယ်လေ။ အဖေအလုပ်သွားရတဲ့ ရက်တချို့မှာတော့ အမေက ကျွန်တော်တို့ကို မြို့ထဲလှည့်ပြီး လှပတဲ့ရှုခင်းတွေ လိုက်ပြလေ့ရှိတာပေါ့။ တစ်နေ့မှာတော့ အမေက ကျွန်တော်တို့ကို ဆန်ဖရန်စစ္စကိုမြို့ထဲက တရုတ်တန်းကိုတောင် ခေါ်သွားဖူးပါသေးတယ်။ ကျွန်တော်တို့ ကားနဲ့ပတ်ကြည့်နေတုန်း အမေက ကျွန်တော်တို့ကို တရုတ်လူမျိုးတွေရဲ့ယဉ်ကျေးမှုနဲ့ သမိုင်းအကြောင်းလည်း ရှင်းပြတာကို မှတ်မိပါသေးရဲ့။ အဲဒီကနေအပြန်တော့ အမေက ဓာတ်စက်နဲ့ အရှေ့တိုင်းဂီတဖွင့်ပြတာမို့ ကျွန်တော်တို့တစ်အိမ်လုံးလည်း လှပတဲ့တေးဂီတသံတွေနဲ့ လွှမ်းခြုံနေတော့တာပေါ့။ အဲဒီညနေပိုင်းတုန်းက အမေက ကီမိုနိုဝတ်စုံဝတ်ကာ ကျွန်တော်တို့ကို ထူးဆန်းပြီး အရသာရှိတဲ့ ညနေစာလုပ်ကျွေးခဲ့သလို ညနေစာစားပြီးတော့လည်း တရုတ်ကွတ်ကီးမုန့်ထုပ်ကိုဖောက်ကျွေးရင်း မုန့်ထုပ်ပေါ်က ဟောစာတမ်းစာသားကို ဖတ်ပြခဲ့ပါတယ်။ အဲဒီမုန့်ထုပ်ပေါ်က စာသားလေးဟာ ကျွန်တော့်အတွက်တော့ ရှေ့အနာဂတ်ကို ကြိုတင်ပြီး နိမိတ်ဖတ်လိုက်တဲ့ အတိုင်းပါပဲဗျာ။ ကျွန်တော် အသက်နည်းနည်းကြီးပြီး စာလုံးပေါင်းပေါင်းဖတ်နိုင်တဲ့အရွယ်ရောက်တဲ့အခါ အဲဒီဟောစာတမ်းပါတဲ့ အိတ်ခွံလေးကို ပြန်တွေ့လို့ ဖတ်ကြည့်တော့ စာသားလေးက 'သင့်မိခင်ကို ချစ်ခင်ကာ ဂုဏ်ပြုပါ။ မိခင်ဟာ သင့်ကို အသက်ပေးခဲ့သူ ဖြစ်ပါတယ်'တဲ့လေ။


mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီနှစ်တွေတုန်းက ကျွန်တော်တို့အိမ်မှာ ကြောင်တွေ၊ ခွေးတွေ၊ အရောင်အသွေးစုံလင်တဲ့ ငါးတွေမွေးထားတဲ့ ငါးကန်တွေ စတဲ့ အိမ်မွေးတိရစ္ဆာန် ပေါင်းများစွာရှိသလို 'သောရ်'လို့ နာမည်ပေးထားတဲ့ ဂိုဖာမျိုးစိတ် လိပ်ကလေး တစ်ကောင်လည်းရှိပါသေးတယ်။ အမေက ကျွန်တော့်ကို လိပ်ကလေးအတွက် နာမည်မှည့်ခွင့်ပေးခဲ့တာမို့ လိပ်ကလေးသောရ်ဟာ ကျွန်တော်အကြိုက်ဆုံး ကာတွန်းစာအုပ်ထဲကဇာတ်ကောင် သောရ်ဆိုတဲ့နာမည်ကို ဂုဏ်ယူဝံ့ကြွားစွာ ပေးဖြစ်ခဲ့တာပါ။ ရေ ၁၀ ဂါလန်ဆန့်တဲ့ ငါးမွေးကန် ၅ ကန်ကိုတော့ အိမ်ထဲက နေရာအနှံ့မှာထားတတ်ပါတယ်။ အနည်းဆုံး ငါးကန် ၂ ကန်လောက်က ညေ့ခန်းမှာရှိတတ်သလို ကျွန်တော်တို့အိပ်ခန်းထဲက ငါးကန်လေးထဲမှာတော့ ရောင်စုံဒေါင်းငါးကလေးတွေ မွေးထားတယ်ဗျ။ အမေက ရောင်စုံကျောက်စရစ် ခဲလေးတွေ၊ သတ္တုပြားလွှာကလေးတွေနဲ့ ငါးကန်ကို အလှဆင်ပေးတတ်သလို အမေ အလှဆင်လိုက်တိုင်းလည်း ငါးကန်ကလေးက အရင်ကထက်ကို ပိုပိုပြီး အလှတိုးလာရတော့တာပါပဲ။ ရံဖန်ရံခါဆိုသလို ကျွန်တော်တို့လည်း ငါးကန် ဘေးမှာထိုင်ရင်း အမေပြောပြတဲ့ ငါးမျိုးစိတ်တွေအကြောင်းကို စိတ်ဝင်တစား နားထောင်တတ်ကြပါတယ်လေ။

တနင်္ဂနွေနေ့ရဲ့ နေ့လယ်ပိုင်းတစ်ခုမှာတော့ အမေ့ဆီကနေ စိတ်အလှုပ် ရှားရဆုံး သင်ခန်းစာတစ်ခုကို ကျွန်တော်တို့ သင်ကြားခဲ့ရပါတော့တယ်။ ကျွန်တော်တို့မွေးထားတဲ့ ကြောင်လေးတစ်ကောင်က ထူးထူးဆန်းဆန်း အပြု အမူတွေလုပ်ပြနေတော့ အမေက ကျွန်တော်တို့ကို ကြောင်ကလေးနား ဝိုင်းထိုင် ခိုင်းပြီး ကလေးမွေးဖွားခြင်းဆိုတဲ့ သင်ခန်းစာကို ရှင်းပြခဲ့တယ်လေ။ ကြောင်အမေ ကြီးရဲ့ ဗိုက်ထဲက ကြောင်ကလေးတွေအားလုံး အန္တရာယ်ကင်းကင်းနဲ့ ထွက်လာ ပြီးတဲ့နောက်မှာတော့ အမေက အသက်ရှင်နေရတဲ့ဘဝဆိုတာ ဘယ်လောက် ထူးခြားကောင်းမွန်ကြောင်းဆိုတာကို ပြောပြတော့တာပေါ့။ ကျွန်တော်တို့ ဘယ်လောက်ပဲ အလုပ်ရှုပ်နေပါစေ အမေကတော့ ကျွန်တော်တို့ကို တစ်နည်း မဟုတ်တစ်နည်းနဲ့ဆိုသလို သင်ခန်းစာ၊ အသိပညာတစ်ခုခုကို သင်ကြားပေးနေ စမြဲပါ။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီလိုပျော်ရွှင်စရာကောင်းတဲ့ နှစ်တွေတုန်းကတော့ ကျွန်တော်တို့ မိသားစုအတွက် အားလပ်ရက်ဆိုတာဟာ ဟောလိုးဝင်းပွဲတော်ကနေ စတင်လေ့ ရှိပါတယ်။ ကောက်သစ်စားပွဲ လမင်းဝိုင်းစက်နေတဲ့ အောက်တိုဘာလရဲ့ ညတစ်ညတုန်းကဆို အမေက ကျွန်တော်တို့ညီအစ်ကို သုံးယောက်လုံးကို အိမ်အပြင်ထွက်ခိုင်းပြီး ကောင်းကင်မှာ ချိတ်ဆွဲထားတဲ့ ဖရုံသီးကြီးနဲ့တူတဲ့ လကို ကြည့်ခိုင်းဖူးတယ်လေ။ နောက်ပြီး ကျွန်တော်တို့ အိပ်ခန်းထဲကိုပြန်ဝင်လာတော့ အမေက ကျွန်တော်တို့ကို ခေါင်းအုံးအောက်ကို ရှာကြည့်ခိုင်းတော့တာပေါ့။ ခေါင်းအုံးအောက်မှာ ပြိုင်ကားအရုပ်ကလေးတွေ အစီအရီရှိနေတာကို တွေ့လိုက်ရတဲ့အတွက် ဝမ်းသာလွန်းလို့ တစီစီနဲ့ အော်မြည်နေကြတဲ့ ကျွန်တော်တို့ညီအစ်ကို သုံးယောက်ကိုကြည့်ပြီး အမေဖြင့် ဝမ်းသာပီတိကို ဖြာနေတော့တာပါပဲ။ ကျေးဇူးတော်နေ့ပြီးတော့ နောက်တစ်နေ့မှာလည်း အမေက ရုတ်တရက် မြေအောက်ထပ်ထဲဆင်းသွားပြီး ခရစ္စမတ်ပွဲတော်အတွက် ပြင်ဆင်စရာ ပစ္စည်းအစုံအလင်ပါတဲ့ ပုံးတွေသယ်လို့ အိမ်ပေါ်ကို ပြန်တက်လာပြန်ပါရော။ ပြီးတော့ အမေက လှေကားဝက ထုပ်တန်းမှာ အလှဆင်ထားတဲ့ ကြိုးကလေးတွေ ချည်နေတော့တာပေါ့။ အမေ အားလုံးပြင်ဆင်ပြီးတဲ့အခါမှာတော့ အိမ်တစ်အိမ်လုံးလည်း ခရစ္စမတ်ရဲ့ အငွေ့အသက်တွေနဲ့ ပြည့်နှက်လာရပါတော့တယ်။ အမေက ထမင်းစားခန်းထဲမှာတော့ အနီရောင်ဖယောင်းတိုင်အရွယ်စုံကို သူသိပ်တန်ဖိုးထားတဲ့ ဝက်သစ်ခြသားကြောင်အိမ်ပေါ်မှာတင်လို့ အလှဆင်လိုက်တယ်လေ။ သူက ဆီးနှင်းပွင့်ပုံစံငယ်ကလေးတွေကို ဧည့်ခန်းနဲ့ ထမင်းစားခန်းဆီက မှန်ပြတင်းပေါက်တွေမှာ စီခြယ်ထားသလို ခရစ္စမတ်မီးသီးလေးတွေကလည်း ကျွန်တော်တို့ အိပ်ခန်းပြတင်းပေါက်မှာ စီရရီ တွဲလွဲချလို့ ပြင်ဆင်ထားတော့တာပေါ့။ ကျွန်တော်လည်း ညတိုင်းဆိုသလို ပြတင်းပေါက်မှာ မှိတ်တုတ်မှိတ်တုတ် လင်းလက်နေတဲ့ ခရစ္စမတ်မီးသီးလေးကိုကြည့်ရင်း အိပ်ရာဝင်ဖြစ်ခဲ့ပါတော့တယ်။

ကျွန်တော်တို့အိမ်က ခရစ္စမတ်သစ်ပင်ကြီးဟာ အမြဲတမ်း ၈ ပေလောက် မြင့်မားတတ်တာမို့ တစ်မိသားစုလုံး အချိန်ပေးပြီးတော့ သေချာပြင်ဆင်ခြယ်သရတတ်ပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း အဖေက ကျွန်တော်တို့ညီအစ်ကိုထဲက တစ်ယောက်ကို သစ်ပင်ထိပ်မှာ နတ်သားရုပ်ကလေး ချိတ်ဆွဲဖို့ သူ့ရဲ့ သန်မာလှတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

လက်မောင်းတွေနဲ့ ချီမြှောက်ပေးတတ်တယ်လေ။ ခရစ္စမတ်သစ်ပင်ကြီးကို ပြင်ဆင်ခြယ်သပြီး ညနေစာစားပြီးတဲ့အခါ ကျွန်တော်တို့ တစ်မိသားစုလုံးလည်း မိသားစုစီးကားပေါ်မှာ နေရာယူပြီး အိမ်နီးနားချင်းတွေ ပြင်ဆင်ထားတဲ့ အလှအပတွေကို ကားမောင်းရင်း လျှောက်ကြည့်တတ်ပါတယ်။ အိမ်နီးနားချင်းတွေရဲ့ ခရစ္စမတ်သစ်ပင်ဟာ ကျွန်တော်တို့အိမ်ကလောက် မကြီးမား၊ မလှပတာကို ကျွန်တော်တို့ညီအစ်ကိုတွေအားလုံးသိကြပေမဲ့ အမေ့ခမျာ နောက်နှစ်ရောက်တဲ့အခါ ဒီနှစ်ထက်ပိုပြီး လှအောင်ပြင်ဆင်ရဦးမယ်လို့သာ တတွတ်တွတ် ရေရွတ်နေတတ်တာ အမှန်ပါပဲ။ ဒီလိုနဲ့ အိမ်ပြန်ရောက်လာတော့ အမေက ကျွန်တော်တို့ကို မီးလင်းဖိုဘေးနားထိုင်ခိုင်းကာ နို့ကြက်ဥဖျော်တိုက်ပြီး စတီရီယိုစက်ကလာနေတဲ့ ဘင်းကရော့စ်ဘီရဲ့ White Christmas သီချင်းနားထောင်ရင်း အမေ့ရဲ့ပုံပြင်တွေကို နားထောင်လေ့ရှိကြတာပေါ့။ ကျွန်တော်ဖြင့် ဒီလိုအားလပ်ရက် ပျော်စရာကောင်းလွန်းလို့ အိပ်တောင်မပျော်နိုင်ပါဘူးဗျာ။ တစ်ခါတလေ ကျွန်တော် မီးလင်းဖိုဘေးမှာထင်းမီးတောက်သံကိုနားထောင်ရင်း အိပ်ပျော်သွားတိုင်း အမေက ကျွန်တော့်ကို ချီလို့ အိပ်ခန်းထဲ လိုက်ပို့ပေးတတ်ပါတယ်။

ခရစ္စမတ်နေ့နား တဖြည်းဖြည်းကပ်လာတာနဲ့အမျှ ကျွန်တော်တို့ညီအစ်ကိုတွေလည်း ပိုလို့ ပိုလို့ကို စိတ်လှုပ်ရှားလာရတာပေါ့။ သစ်ပင်ကြီးရဲ့ခြေရင်းက လက်ဆောင်ပုံကလည်း တစ်နေ့ပြီးတစ်နေ့ကို ပိုပိုပြီး ကြီးမားလာရသလို ခရစ္စမတ်နေ့ကျရောက်လာတဲ့အခါမှာတော့ ကျွန်တော်တို့ တစ်ယောက်ချင်းစီအတွက် လက်ဆောင်တွေက တစ်ဒါဇင်မက စုပုံလို့ရှိနေကြပါတော့တယ်။ ခရစ္စမတ်အကြိုနေ့ ညနေခင်း ညနေစာစားပြီး သီချင်းဆိုပြီးတဲ့အခါ ကျွန်တော်တို့ကို အမေက လက်ဆောင်တစ်ခုစီ ဖွင့်ကြည့်ခွင့်ပေးတတ်ပါတယ်။ ပြီးရင်တော့ ကျွန်တော်တို့ညီအစ်ကိုတွေ အိပ်ရာဝင်ကြရတော့တာပေါ့။ ကျွန်တော်ကတော့ ဒီလိုနေ့ညတိုင်း အားတင်းပြီး မျက်လုံးဖွင့်ကာ ဆန်တာဘိုးဘိုးကြီးရဲ့ စွတ်ဖားလည်းမှာတပ်ထားတဲ့ ခေါင်းလောင်းသံလေးကို နားထောင်တတ်တယ်လေ။ ဒါပေမဲ့ ဆန်တာရဲ့လှည်း အိမ်ခေါင်မိုးပေါ်ရောက်မလာခင် ကျွန်တော်အိပ်ပျော်သွားတာချည်းပါပဲဗျာ။ မနက် အရုဏ်တက်လောက်ဆို အမေက ကျွန်တော်တို့


mgyoe.com

mgyoe.com SAMPLE BOOK

အိပ်ခန်းထဲကို တိုးတိုးလေးဝင်လာပြီး "ဆန်တာဘိုးဘိုးကြီး လာသွားတယ်ဟေ့"လို့ တိုးတိုးလေး နားနားကပ်ပြောကာ နှိုးတတ်ပါတယ်။

တစ်နှစ်တုန်းကဆို အမေက ညီအစ်ကိုသုံးယောက်လုံးကို အဝါရောင် ပလတ်စတစ်သား Tonka တံဆိပ်ဦးထုပ် ဆင်တူဆောင်းပေးပြီး ညှော်ခန်းကို တန်းစီလို့ ထွက်လာခိုင်းခဲ့လေရဲ့။ ကျွန်တော်တို့လည်း သစ်ပင်ကြီးအောက်က လက်ဆောင်ပုံထဲပစ်ဝင်ကာ ရောင်စုံစက္ကူစတွေကိုဆွဲဖြဲရင်း ခရစ္စမတ်လက်ဆောင်ကို ပျော်ပျော်ရွှင်ရွှင် ရှာဖွေတတ်ကြပါတယ်။ နောက်တော့ အမေက ကျွန်တော်တို့ကို အင်္ကျီအဝတ်အစားအသစ် ဆင်ပေးကာ နောက်ဖေးခြံထဲ ဆင်းခိုင်းပြီး ပြတင်း ပေါက်ကနေ အိမ်ထဲက ခရစ္စမတ်သစ်ပင်ကြီး ဘယ်လောက်လှသလဲဆိုတာ ကြည့်ခိုင်းတော့တာပေါ့။ အဲဒီနှစ်က နောက်ဖေးခြံထဲမှာ မတ်တတ်ရပ်ရင်း အမေ ငိုနေတာကို ကျွန်တော်မှတ်မိပါသေးတယ်။ ကျွန်တော်က အမေ့ကို ဘာလို့ငိုနေ တာလဲဆိုပြီးမေးတော့ အမေက သူ့မှာ တကယ့်မိသားစုအစစ်အမှန်လေးရှိတဲ့ အတွက်ကြောင့် ပျော်လွန်းလို့ငိုရပါတယ်ဆိုပြီး ကျွန်တော့်ကို ပြန်ဖြေခဲ့ပါတယ်လေ။

အဖေ့အလုပ်ဟာ ၂၄ နာရီပတ်လုံး အလုပ်ဆင်းရတဲ့ရက်တွေလည်း ရှိတာမို့ မကြာခဏဆိုသလို အမေကပဲ ကျွန်တော်တို့ကို အနားမှာရှိတဲ့ ဆန်ဖရန် စစ္စကိုမြို့ထဲက ဂိုးဒင်းဂိတ်ပန်းခြံကို ခေါ်သွားတတ်ပါတယ်။ ကျွန်တော်တို့ ပန်းခြံ ထဲကို ကားလေးမောင်းလို့ ဝင်သွားတိုင်း အမေက သူ ငယ်ငယ်တုန်းကနဲ့စာရင် ဒီပန်းခြံထဲဟာ ဘယ်လောက်ပြောင်းလဲသွားကြောင်း၊ သူဟာ ဒီပန်းကလေးတွေကို အင်မတန် လိုချင်ခဲ့ဖူးကြောင်း ပြောပြဖူးလေရဲ့။ ပန်းခြံထဲက စတိန်းဟာ့ထ် ငါးပြတိုက်ကိုတော့ ကျွန်တော်တို့ ပြန်ခါနီးမှပဲ ဝင်လည်တတ်ကြပါတယ်။ ကျွန်တော်တို့ညီအစ်ကိုတွေကတော့ ပြတိုက်ထဲရောက်တိုင်း အပြေးအလွှားနဲ့ တံခါးကြီးတွေကို ဖြတ်ပြေးပြီး ကြေးနဲ့ပြုလုပ်ထားတဲ့ ရေနဂါးအရုပ် ခြံစည်းရိုး ကလေးကိုမှီကာ အောက်က ရေတံခွန်ငယ်၊ မိကျောင်းနဲ့ လိပ်ကြီးတွေကို မွေးမြူ ထားတဲ့ရေကန်ကို စိတ်ဝင်တစား ငုံ့ကြည့်တတ်ကြတာပေါ့။ ကလေးဘဝတုန်း ကတော့ ဒီနေရာဟာ တိရစ္ဆာန်ရုံတစ်ခုလုံးမှာ ကျွန်တော်အကြိုက်ဆုံးနေရာ ဖြစ်ခဲ့ပါတယ်လေ။ ဒါပေမဲ့ တစ်ခါတုန်းကတော့ ကျွန်တော် ဒီစည်းရိုးကြားကနေ


mgyoe.com

mgyoe.com SAMPLE BOOK

လျှောပြီး ကန့်ထဲပြုတ်ကျသွားရင်ဆိုတဲ့အတွေးနဲ့ ကြောက်မိခဲ့ဖူးပါသေးတယ်။ အမေ့ကို ကျွန်တော် စကားတစ်ခွန်းမှမပြောမိပေမဲ့ အမေက ကျွန်တော့်စိတ်ကို ဖတ်နေတဲ့အတိုင်းပါပဲ။ သူက ကျွန်တော့်ကို ငုံ့ကြည့်ပြီး ကျွန်တော့်လက်ကလေးကို အသာအယာ ဖျစ်ညှစ်ကာ အားပေးနေခဲ့တယ်လေ။

နွေဦးရာသီဆိုတာကတော့ ကျွန်တော်တို့အတွက် ပျော်ပွဲစားထွက်တဲ့ ရာသီရယ်ပါ။ အမေက ကြက်သားကြော်၊ အရွက်သုပ်၊ အသားညှပ်ပေါင်မုန့်နဲ့ အချိုပွဲတွေကို ညကတည်းကပြင်ပြီး မနက်ဖြန်မိုးလင်းတာနဲ့ တစ်မိသားစုလုံး ဂျူနီပယ်ရှိဆာရာပန်းခြံဆီ ကားမောင်းထွက်လာဖြစ်ကြတော့တာပေါ့။ ပန်းခြံထဲ ရောက်တာနဲ့ ကျွန်တော်တို့ညီအစ်ကိုတွေလည်း မြက်ရိုင်းတွေပေါ်မှာ ပြေးလွှားပြီး ဒန်းပေါ်တက်ကာ မြင့်သထက်မြင့်အောင် အပြိုင်အဆိုင်လွှဲလို့ ဆော့ကစားတတ်ကြပါတယ်။ တစ်ခါတလေ ကျွန်တော်တို့ ပန်းခြံထဲက လမ်းအသစ်တွေဆီ ဟိုဟို ဒီဒီ လျှောက်သွားတဲ့အခါ အမေက နေ့လယ်စာစားချိန်ရောက်ရင် ကျွန်တော်တို့ကို အမောတကော လိုက်ရှာရပြန်ပါရော။ ကျွန်တော်တို့လည်း ပါလာတဲ့နေ့လယ်စာတွေကို အရသာတောင်မခံတော့ဘဲ ပါးစပ်ထဲ အငမ်းမရ ထိုးသွင်းကာ ပန်းခြံထဲမှာ စွန့်စားခန်းထွက်ဖို့ကိုသာ စိတ်ရောက်နေပါတော့တယ်။ အမေနဲ့အဖေတို့ကတော့ မြက်ခင်းပေါ်က စောင်လေးပေါ်မှာ လှဲကာ ပိုင်နီသောက်ရင်း ကျွန်တော်တို့ တစ်တွေ ဆော့ကစားတာကို စောင့်ကြည့်နေကြတော့တာပေါ့။

နွေရာသီရောက်လို့ တစ်မိသားစုလုံး အပန်းဖြေခရီးထွက်ကြတဲ့အခါ တိုင်းလည်း ကျွန်တော်ပျော်ပါတယ်။ အမေက ဒီလိုခရီးထွက်ဖို့ ပြင်ဆင်တဲ့ အခါတိုင်း သူ့စိတ်ကူးအတိုင်း အကောင်အထည်ပေါ်လာတဲ့အခါ ဝမ်းသာပီတိကို ဖြာနေတော့တာပါ။ များသောအားဖြင့် ကျွန်တော်တို့မိသားစုက ပေါ်တိုလာ ဒါမှ မဟုတ် မန့်မိုရီရယ်ပန်းခြံဆီကိုအပန်းဖြေခရီးထွက်ပြီး ကျွန်တော်တို့ရဲ့ အစိမ်းရောင် ရွက်ဖျင်တဲလေးထဲမှာ တစ်ပတ်လောက် စခန်းချနေလေ့ရှိကြပေမဲ့ တစ်ခါတလေ အဖေက ဂိုးဒင်းဂိတ်တံတားကြီးကိုဖြတ်ပြီး မြောက်ဘက်ဆီ ကားမောင်းသွားတဲ့ အခါမှာတော့ ကျွန်တော်တို့မိသားစု ဒီကမ္ဘာမြေပေါ်မှာ အကြိုက်နှစ်သက်ဆုံးနေရာ ရှရှန်းမြစ်ဆီ သွားနေတယ်ဆိုတာ ကျွန်တော် သဘောပေါက်လိုက်တော့တာပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK

ဘဝမှာ လုံးဝမမေ့နိုင်မယ့် အပန်းဖြေခရီးကတော့ ကျွန်တော် သူငယ်တန်းတုန်းက သွားခဲ့ဖူးတဲ့ ခရီးပါပဲ။ ကျောင်းစာသင်နှစ် နောက်ဆုံးနေ့မှာ အမေက ကျွန်တော့်ကို ကျောင်းဆင်းချိန်ထက် ၁ နာရီခွဲလောက်စောပြီးလာကြိုမယ်လို့ မှာလိုက်တယ်လေ။ အဖေ့ကားဟွန်းသံကြားလိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော် ကျောင်းဝန်းထဲက တောင်ကုန်းလေးဆီကနေ ပြေးဆင်းပြီး ကားပေါ်မှာနေရာယူ လိုက်ပါတော့တယ်။ အဖေဘယ်သွားမယ်ဆိုတာ သိနေတာမို့ ကျွန်တော် စိတ်လှုပ်ရှားနေရတာပေါ့ဗျာ။ ကားစီးနေရင်း ပြတင်းပေါက်ကနေ စပျစ်ခင်းကြီးကို မျက်စိတစ်ဆုံးကြည့်ကာ ကျွန်တော် ပိုလို့ပိုလို့ကို စိတ်ဝင်စားလာခဲ့ရတာ အမှန်ပါ။ တိတ်ဆိတ်အေးချမ်းတဲ့ ဂွာနယ်ဗီးလ်မြို့ကလေးကိုကျော်လာတော့ ကျွန်တော် ကားပြတင်းကိုချပြီး သစ်ပင်နီတောအုပ်ကြီးဆီက သင်းပျံ့နေတဲ့ရနံ့ကို ရှူရှိုက်လိုက်ပါတော့တယ်။

အပန်းဖြေခရီးထွက်ကြတဲ့နေ့ရက်တွေထဲမှာတော့ နေ့သစ်တိုင်းဟာ ကျွန်တော့်အတွက် စွန့်စားမှုအသစ်တွေချည်းပါပဲ။ ကျွန်တော်တို့ညီအစ်ကိုတွေက ဘွတ်ဖိနပ်လေးစီးလို့ သစ်ပင်အိုငုတ်တိုကြီးတွေပေါ်ဆီ တက်လားတက်ရဲ့၊ ဒါမှမဟုတ် ဂွန်ဆန်မြစ်ကမ်းခြေမှာ ရေကူးလားကူးရဲ့နဲ့ အချိန်ကုန်နေခဲ့ကြတယ်လေ။ မြစ်ထဲမှာ ရေကူးဖြစ်ရင်တော့ တစ်နေကုန်သွားတာ များပါတယ်။ ကျွန်တော်တို့တွေ မနက် ၉ နာရီထိုးတာနဲ့ အခန်းကနေထွက်ကာ ဆော့ကစားကြပြီး နေ့လယ် ၃ နာရီကျော်မှသာ အခန်းဆီပြန်ရောက်တတ်ကြပါတယ်။ အမေက ကျွန်တော်တို့ကို မြစ်ထဲက ရေတိမ်ကန်ကလေးထဲမှာ ရေကူးသင်ပေးတာမို့ အဲဒီ နွေရာသီထဲမှာပဲ ကျွန်တော်ဟာ ရေထဲမှာ ပက်လက်လှန်ပြီး နောက်ပြန်ရေကူးတဲ့ နည်းကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လာခဲ့ရပါတော့တယ်။ အမေကလည်း ကျွန်တော့်ကိုကြည့်ပြီး သိပ်ကို ဂုဏ်ယူကာ ကျေနပ်နေတဲ့ပုံပါပဲလေ။

နေ့စဉ်နေ့တိုင်းဟာ အံ့သြစရာကောင်းတဲ့ ဆွဲဆောင်မှုတွေနဲ့သာ ပြည့်နှက်နေခဲ့ပါတော့တယ်။ တစ်နေ့ ညနေပိုင်း ညစာစားပြီးချိန်မှာ အမေနဲ့ အဖေက ကျွန်တော်တို့ကို ညနေဆည်းဆာချိန်ကြည့်ဖို့ ခေါ်သွားခဲ့ပါသေးတယ်။ ကျွန်တော်တို့တစ်မိသားစုလုံး လက်ချင်းတွဲကာ မစ္စတာပါကာရဲ့အခန်းကိုကျော်လို့ မြစ်ကမ်း ဆီကို လမ်းလျှောက်သွားကြတော့တာပေါ့။ စိမ်းလဲ့နေတဲ့ မြစ်ရေပြင်ဟာ


mgyoe.com

mgyoe.com SAMPLE BOOK



ဒေဗ် ကလေးဘဝပုံ

ဖန်သားပြင်လိုကြည်လင်နေပြီး ဘလူးဂျေးငှက်ကလေးကလည်း တခြားငှက်တွေကို မြည်တွန်တောက်တီးနေသလို နွေးထွေးတဲ့လေညင်းက ကျွန်တော့်ဆံပင်ကိုဖြတ်လို့ တိုက်ခတ်နေပါတော့တယ်။ မီးလုံးကြီးနဲ့တူတဲ့ နေမင်းဟာ တောက်ပတဲ့ အပြာရောင်နဲ့ လိမ္မော်ရောင် အစင်းကြားကြီးကို ကောင်းကင်မှာချန်ရစ်ခဲ့ကာ သစ်ပင်ကြီးတွေရဲ့နောက်ကွယ်ဆီ တိုးဝင်ကွယ်ပျောက်သွားတာကို ကျွန်တော်တို့လည်း စကားတစ်ခွန်းမှမပြောဘဲ ငြိမ်သက်စွာနဲ့ စောင့်ကြည့်နေလိုက်ကြပါတယ်။ ခဏနေတော့ ကျွန်တော့်ပခုံးပေါ်ကို တစ်စုံတစ်ယောက်က လက်တစ်ဖက်တင်တဲ့ ခံစားချက်ကို ကျွန်တော်ခံစားလိုက်ရတော့တာပေါ့။ ပထမတော့ ကျွန်တော်လည်း အဖေ့လက်လို့သာထင်လိုက်ပေမဲ့ နောက်လှည့်ကြည့်လိုက်တော့မှ အမေက ကျွန်တော့်ကို တင်းတင်းကျပ်ကျပ် ဆွဲဖက်ထားတာကိုတွေ့ပြီး ကျွန်တော် ရှက်သွေးဖြာသွားရပါတော့တယ်လေ။ ကျွန်တော် အမေ့နှလုံးခုန်သံကိုတောင် ခံစားနေမိပါတယ်။ ဒီလိုနဲ့ ရှုရှန်းမြစ်နားမှာ နေဝင်ဆည်းဆာကိုကြည့်ရှုနေရင်း ကျွန်တော့်စိတ်ထဲ အလုံခြုံဆုံးနဲ့ အနွေးထွေးဆုံး အမေ့မေတ္တာကို အပြည့်အဝ ခံစားလိုက်ရပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း - ၃

## လူဆိုးလေး

ကျွန်တော်နဲ့ အမေ့ရဲ့ဆက်ဆံရေးကတော့ လက်လွှန်သွားတဲ့ စည်းကမ်း တစ်ခုကနေ အစပြုပြီး ယိုယွင်းလာတယ်လို့ ဆိုရပါမယ်။ တစ်ခါတလေများဆိုရင် အဲဒီစည်းကမ်းတွေက သိပ်ပြင်းထန်လွန်းတာမို့ ကျွန်တော်ဖြင့် အသက်ဆက်ရှင် ဖို့တောင် မစဉ်းစားချင်တော့တဲ့အထိပါပဲဗျာ။

ကလေးဘဝတုန်းက ကျွန်တော့်မှာ စူးစူးရဲရဲနဲ့ အတော်လေးကျယ်လောင် တဲ့အသံမျိုး ပိုင်ဆိုင်ခဲ့ဟန်တူပါရဲ့။ ညီအစ်ကိုတွေအားလုံး အတူတူ စည်းကမ်း ဖောက်ဖျက်မိခဲ့ရင်တောင် ကျွန်တော့်အလှည့်ရောက်တိုင်း အမြဲတမ်း လက်ပူး လက်ကြပ်ကို မိနေကျလေ။ ပထမတုန်းကတော့ ကျွန်တော့်အတွက် အပြစ် ဒဏ်ဟာ အခန်းထောင့်မှာ မတ်တပ်ရပ်နေခဲ့ရရုံပါပဲ။ ကျွန်တော် အဲဒီအချိန် ကတည်းက အမေ့ကို အတော်လေး ကြောက်ရွံ့လာခဲ့တယ်လို့လည်း ပြောလို့ရ ပါတယ်။ ကျွန်တော့်ခမျာ အခန်းအပြင်ကနေ ပြန်ထွက်ဖို့ကိုတောင် အမေ့ဆီ တိုက်ရိုက်ခွင့်မတောင်းရဲခဲ့ပါဘူးဗျာ။ ကျွန်တော်က အခန်းထဲမှာ ငုတ်တုတ်ထိုင်လို့ ကျွန်တော့်အစ်ကိုတွေထဲက တစ်ယောက်ယောက် အခန်းထဲဝင်လာမှာကို စောင့်ပြီးမှ သူတို့ကနေတစ်ဆင့် အမေ့ကို ဒေးဗစ် အပြင်ထွက်ဆော့လို့ ရပြီလား ဆိုတဲ့မေးခွန်းကို မေးခိုင်းရတတ်ပါတယ်။ အမေ့အမူအကျင့်တွေလည်း အချိန်နဲ့ အတူ ထူးထူးဆန်းဆန်းကို ပြောင်းလဲလာခဲ့ပါတော့တယ်။ အဖေ အလုပ်သွား နေတဲ့အချိန်တွေဆို အမေက ရေချိုးခန်းသုံးတဘက်ကို ပတ်ပြီး ထိုင်ခုံရှည်ပေါ်မှာ ထိုင်ကာ တစ်နေကုန် တီဗီထိုင်ကြည့်နေတတ်ပါတယ်။ သူ ထိုင်ခုံပေါ်ကနေ

mgyoe.com

mgyoe.com SAMPLE BOOK

ထတဲ့အချိန်ကတော့ သန့်စင်ခန်းသွားတဲ့အချိန်၊ ယမကာထယူတဲ့အချိန်နဲ့ မနေ့က ကျန်တဲ့ ဟင်းအေးတွေကို ထနွေးတဲ့အချိန်တွေပါပဲ။

အမေ ကျွန်တော်တို့ညီအစ်ကိုတွေကို အော်ပြောတဲ့အခါတိုင်းလည်း သူ့အသံဟာ ပြုစုယုယတတ်တဲ့ မိခင်အသံကနေ ကောက်ကျစ်စဉ်းလဲတဲ့ စုန်းမကြီးအသံကို ရုတ်ခြည်းပြောင်းလဲသွားတော့တာပါပဲ။ ဒီလိုနဲ့ အမေ့အသံဟာ ကျွန်တော့်ကျောရိုးထဲအထိ တသိမ့်သိမ့် ခံစားသွားရအောင် တတ်နိုင်စွမ်းတဲ့အသံ ဖြစ်လာခဲ့ရပါတော့တယ်။ အမေက ကျွန်တော့်ကို မဟုတ်ဘဲ ကျန်တဲ့ ညီအစ်ကို တွေထဲကတစ်ယောက်ကို ဆူပူနေခဲ့ရင်တောင် ကျွန်တော်ကတော့ အိပ်ခန်းထဲ ပြေးဝင်ပြီး သူ မကြာခင် ထိုင်ခုံရှည်ဆီ ပြန်ပြီး ယမကာသောက်ရင်း တီဗီ ဆက်ကြည့်ပါစေလို့ ဆုတောင်းနေမိတယ်လေ။ နောက်တော့ သူ့ရဲ့ဝတ်ပုံစားပုံကို ကြည့်ပြီး ဒီနေ့က ရက်ရာဇာလား၊ ပြဿဒါးလားဆိုတာကို ကျွန်တော် ခန့်မှန်း လာနိုင်ခဲ့ပါတော့တယ်။ အမေ အဝတ်အစား ကောင်းကောင်းဝတ်ဆင်ပြီး မိတ်ကပ် ခြယ်သလို့ အိပ်ခန်းထဲက ထွက်လာတဲ့အခါမှသာ ကျွန်တော်လည်း သက်ပြင်း ရှည်ကြီး ချလိုက်နိုင်တော့တာပေါ့။ ဒီလိုနေ့တွေဆို အမေ့မျက်နှာမှာ အပြုံးတစ်ခုက နေရာယူထားတတ်တယ်လေ။

အခန်းထောင့်မှာ မတ်တတ်ရပ်ပြီး အပြစ်ပေးတဲ့နည်းက မထိရောက် တော့မှန်း သိသွားတဲ့အခါမှာတော့ အမေဟာ ကျွန်တော့်ကို မှန်ရှေ့မှာအပြစ်ပေးတဲ့ နည်းကို ပြောင်းလဲ အသုံးပြုခဲ့တော့တာပေါ့။ ဒီလိုအပြစ်ပေးနည်း ပြောင်းသွားမှန်း ကျွန်တော်တောင် သတိမထားမိလိုက်ပါဘူးလေ။ အမေက သူ့စိတ်ထဲရှိတဲ့ အချိန်တိုင်း ကျွန်တော့်ကို မှန်ရှေ့ဆွဲခေါ်ပြီး အေးစက်ချောမွေ့နေတဲ့ မျက်နှာပြင်နဲ့ မျက်ရည်စက်လက်ဖြစ်နေတဲ့ ကျွန်တော့်မျက်နှာကို ဖိကပ်ပွတ်ဆွဲပြီး အပြစ်ပေး တော့တာပါပဲ။ ပြီးတော့ သူက ကျွန်တော့်ကို "ကျွန်တော်က လူဆိုးလေးပါ၊ ကျွန်တော်ကလူဆိုးလေးပါ၊ ကျွန်တော်ကလူဆိုးလေးပါ" ဆိုတဲ့စကားကို အကြိမ်ကြိမ်ရွတ်ဆိုဖို့လည်း စေခိုင်းတတ်ပါသေးတယ်။ ပြီးရင်တော့ ကျွန်တော်လည်း တီဗီအစီအစဉ်ကနေ ကြော်ငြာတွေလာတော့မယ့်အချိန်ကို ကြောက်ရွံ့စွာ စောင့်မျှော်ရင်း လက်ကလေးကို ရှေ့နောက်လွှဲလို့ မှန်ရှေ့မှာ


mgyoe.com

mgyoe.com SAMPLE BOOK

ဆက်ပြီး မတ်တတ်ရပ်နေရတော့တာပေါ့။ ကြော်ငြာချိန်ရောက်ပြီဆိုတာနဲ့ အမေက အခန်းထဲကိုလာပြီး ကျွန်တော် မှန်ရှေ့မှာ ရှိနေသေးသလားဆိုတာကို စစ်ဆေးရင်း ကျွန်တော်ဟာ လူဆိုးလေးဖြစ်တယ်ဆိုတာကို သတိပေးနေတော့မှာ မဟုတ်ပါလား။ ကျွန်တော် အဲဒီလိုအပြစ်ပေးခံရတုန်း ကျန်တဲ့ညီအစ်ကိုတွေ အခန်းထဲ ရောက်လာခဲ့ရင်လည်း သူတို့က ကျွန်တော်မရှိတဲ့အတိုင်း ပခုံးကလေးတွန့်လို့ မသိဘာသာပြုကာ ဆက်ပြီး ဆော့ကစားနေတတ်ပါတယ်။ ပထမတော့ ကျွန်တော်လည်း သူတို့ကို မနာလိုဖြစ်မိတာပေါ့ဗျာ။ ဒါပေမဲ့ သူတို့ကလည်း အမေ့အပြစ်ဒဏ်ကလွတ်အောင် ဝေးဝေးကရှောင်နေကြတယ်ဆိုတာကို မကြာခင်မှာပဲ ကျွန်တော် သဘောပေါက်နားလည်ခဲ့ပါတော့တယ်။ အဖေ အလုပ်မှာရှိတဲ့ အချိန်တွေဆို အမေက ကျွန်တော်တို့ညီအစ်ကိုတွေကို အော်ဟစ်ငေါက်ငမ်းပြီး သူပျောက်သွားတဲ့ ပစ္စည်းတစ်ခုခုကို အိမ်အနှံ့ လိုက်ရှာခိုင်းတတ်ပါသေးတယ်။ အဲဒီလို ပစ္စည်းပျောက်လိုက်ရှာရတဲ့တာဝန်ဟာ မနက်ပိုင်းကနေစလို့ နာရီပေါင်းများစွာ ကြာမြင့်တတ်တယ်လေ။ နောက်တော့ ကျွန်တော်ဟာ အိမ်ရဲ့ မြေအောက်ထပ်ဂိုဒေါင်ဆီကို ပင်တိုင်စေလွှတ်ခံရသူဖြစ်လာပြီး ပစ္စည်းရှာတဲ့သူ ဖြစ်လာပါတော့တယ်။ အဲဒီမြေအောက်ခန်းထဲရောက်နေတုန်း အပေါ်ထပ်ကနေ ကျန်တဲ့ညီအစ်ကိုတွေကို ဆူပူကြိမ်းမောင်းနေတဲ့ အမေ့အသံကြားရတိုင်း ကျွန်တော်ဖြင့် သိပ်ကိုတုန်လှုပ် ကြောက်ရွံ့နေတတ်ပါတယ်။

ပစ္စည်းရှာရတဲ့ကိစ္စက လပေါင်းများစွာကြာညောင်းပြီးတဲ့အခါမှာတော့ ညီအစ်ကိုတွေထဲမှာ ကျွန်တော်တစ်ယောက်တည်းကပဲ အမေ့ပစ္စည်းတွေကို ဒိုင်ခံရှာပေးရတဲ့သူ ဖြစ်လာလေရဲ့။ တစ်ခါများတော့ ကျွန်တော်လည်း ကျွန်တော် ဘာပစ္စည်းကို ရှာနေသလဲဆိုတာတောင် မေ့လျော့သွားပါရောလား။ ဒီလိုနဲ့ ကျွန်တော် အမေ့ကို ခပ်လန့်လန့်နဲ့ ဘာပစ္စည်းရှာရမလဲသွားမေးတော့ အမေက ကျွန်တော့်မျက်နှာကို လက်နဲ့ရိုက်ပစ်လိုက်တော့တာပေါ့။ အဲဒီတုန်းက အမေက ဆိုဖာထိုင်ခုံရှည်ပေါ်မှာ ထိုင်ပြီး တီဗီကြည့်နေခဲ့တာပါ။ သူက ကျွန်တော့်ဘက်ကို လှည့်ကြည့်ဖို့တောင် စိတ်မကူးခဲ့ပါဘူးဗျာ။ ကျွန်တော့်နှာခေါင်းထဲက သွေးတွေ စီးကျလာတော့ ကျွန်တော်လည်း ငိုမိပါတယ်လေ။ အမေကတော့ သူ့ရှေ့က

mgyoe.com

mgyoe.com SAMPLE BOOK

စားပွဲပေါ်မှာရှိတဲ့ လက်သုတ်ပဝါတစ်ထည်ကို ဆွဲယူပြီး ဖြဲဆုတ်လို့ ကျွန်တော့် နှာခေါင်းထဲကို ထိုးထည့်လိုက်ပါတော့တယ်။ "ဘာပစ္စည်းကို ရှာရမလဲဆိုတာ နင်သိပါတယ်၊ သွား . . . အခုသွားရှာချေ"လို့ အမေ အော်ပြောလိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်လည်း မြေအောက်ခန်းထဲဆင်းပြေးပြီး အမေ့ကို သူခိုင်း သမျှ လုပ်နေကြောင်းသိစေဖို့ အထဲကပစ္စည်းတွေကို အသံမြည်အောင် လှုပ်ခတ် နေခဲ့ပါတော့တယ်။ အမေ့ရဲ့ ပစ္စည်းရှာခိုင်းတဲ့တာဝန်က အချိန်အတော်လေး ကြာလာတော့ ကျွန်တော်ဖြင့် တစ်နေ့တော့ အမေရှာခိုင်းတဲ့ပစ္စည်းကို ရှာတွေ့သွား တယ်လို့ စိတ်ကူးယဉ်မိတဲ့အထိပဲဗျာ။ ကျွန်တော့်စိတ်ကူးထဲမှာ ကျွန်တော်က ပစ္စည်းကိုရှာတွေ့ပြီး အိမ်ပေါ်ပြန်တက်လာတော့ အမေက ကျွန်တော့်ကိုပွေ့ဖက်ပြီး နမ်းရှုပ်လို့ ကြိုဆိုတယ်တဲ့လေ။ ကျွန်တော်တို့မိသားစုတွေ အရင်ကလို ပျော်ပျော် ရွှင်ရွှင် ပြန်နေကြတယ်ဆိုတာကလည်း ကျွန်တော့်စိတ်ကူးထဲက တစ်စိတ်တစ်ပိုင်း ရယ်ပါ။ ဒါပေမဲ့ တကယ်တမ်းမှာတော့ ကျွန်တော်ဟာ အမေ့ပစ္စည်းတွေကို ဘယ်တုန်းကမှ ရှာမတွေ့ခဲ့သလို အမေကလည်း ကျွန်တော် ဖြစ်မြောက်မှုမရှိတဲ့ လူညံ့အဖြစ် အစဉ်အမြဲ သတိပေးနေခဲ့ပါတော့တယ်။

ဒီလိုနဲ့ အမေဟာ အဖေအိမ်မှာ ရှိ မရှိဆိုတဲ့ အခြေအနေပေါ်မူတည်ပြီး နေ့နဲ့ညလို ပြောင်းလဲတတ်တယ်ဆိုတာ ကလေးဘဝကတည်းက ကျွန်တော် နားလည်လာခဲ့ရပါတယ်။ ဆံပင်ကို ဖြီးသင်ပြီး အဝတ်အစားကောင်းကောင်း ဝတ်ထားတဲ့အချိန်တွေဆို အမေ့ကိုကြည့်ရတာ ပေါ့ပါးသွက်လက်နေတဲ့အတိုင်း ပါပဲ၊ အဖေ အိမ်မှာရှိတဲ့အချိန်တွေဆို ကျွန်တော် သိပ်ပျော်တာပဲဗျ။ ဒီလိုနေ့တွေဆို အရိုက်ခံရမှာ၊ မှန်ရှေ့မတ်တတ်ရပ်ပြီး အပြစ်ပေးခံရမှာနဲ့ ပစ္စည်းပျောက်ရှာရမှာကို စိတ်ပူစရာမလိုဘူးလေ။ အဖေဟာ ကျွန်တော့်အတွက် ခိုလှုံရာနေရာတစ်ခု ဖြစ်လာခဲ့ပါတော့တယ်။ အဖေ မြေအောက်ခန်းထဲဆင်းပြီး အလုပ်သွားလုပ်တိုင်း ကျွန်တော်ကလည်း သူ့နောက်ကနေ တကောက်ကောက် လိုက်နေတတ်တော့ တာပါပဲ။ အဖေ ထိုင်ခုံပေါ်မှာထိုင်လို့ သတင်းစာဖတ်တိုင်းလည်း ကျွန်တော် သူ့ခြေရင်းမှာ ငုတ်တုတ်လေးရှိတတ်ပြန်ပါတယ်။ ညနေတိုင်း ညစာစားပြီးတဲ့ခါ အဖေက ပန်းကန်တွေဆေးနေရင် ကျွန်တော်က သူ့ဘေးမှာ ပန်းကန်တွေကို

mgyoe.com

mgyoe.com SAMPLE BOOK

ရေသုတ်နေတတ်တော့တာပေါ့။ အဖေ့အနားမှာသာကပ်နေရင် ဘယ်လိုအန္တရာယ် မျိုးမှ မကျရောက်နိုင်ဘူးဆိုတာ ကျွန်တော်သိထားတယ်လေ။

တစ်နေ့မှာပေါ့ဗျာ၊ အဖေအလုပ်သွားခါနီး နှုတ်ဆက်နေတုန်း ပြောလိုက် တဲ့စကားတစ်ခွန်းကြောင့် ကျွန်တော် အံ့အားသင့်သွားရပါတော့တယ်။ အဖေက ရွှန်နဲ့ စတန်တို့ကို နှုတ်ဆက်ပြီးတော့ ဒူးထောက်ပြီး ကျွန်တော့်ပခုံးကိုကိုင်ကာ ''လိမ်လိမ်မာမာနေပါသားရယ်''လို့ ပြောလိုက်တယ်လေ။ ကျွန်တော် သူ့မျက်လုံး တွေထဲကို စိုက်ကြည့်လိုက်တာနဲ့တစ်ပြိုင်နက် ကျွန်တော်ဟာ သူ့အမြင်မှာပါ လူဆိုးလေးတစ်ယောက်ဖြစ်နေပြီဆိုတာကို သဘောပေါက်သွားရတော့တာပေါ့။ အမေကတော့ သုန်မှုန်နေတဲ့အပြုံးနဲ့ လက်ပိုက်ပြီး အဖေ့နောက်မှာ မတ်တတ် ရပ်နေလေရဲ့။ ရေခဲတမျှအေးစက်လှတဲ့ ကြက်သီးမွေးညင်းတွေက ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံးထဲကို စိမ့်ဝင်သွားတဲ့အတိုင်း ကျွန်တော်ခံစားလိုက်ရပါတယ်။ ကျွန်တော်ဖြင့် အဖေ့ကို မလွှတ်တမ်းဖက်ထားလိုက်ချင်တာပါပဲ။ ဒါပေမဲ့ ကျွန်တော် သူ့ကို ဖက်မထားနိုင်ခင်မှာပဲ အဖေဟာ မတ်တတ်ရပ်ပြီး နှုတ်ဆက်စကားမဆို တော့ဘဲ ချာခနဲလှည့်ထွက်သွားပါတော့တယ်။

အဖေ ကျွန်တော့်ကို သတိပေးစကားပြောပြီးနောက်ပိုင်း အမေနဲ့ ကျွန်တော့်ဆက်ဆံရေးက အချိန်အတန်ငယ်ကြာတဲ့အထိ အဆင်ပြေနေခဲ့ပါတယ်။ အဖေ အိမ်မှာရှိနေတဲ့အချိန်တွေဆို ကျွန်တော်တို့ ညီအစ်ကိုတွေလည်း အခန်း ထဲမှာ ဒါမှမဟုတ် အိမ်အပြင်ဘက်မှာ နေ့လယ် ၃ နာရီလောက်အထိ ကစားလေ့ ရှိကြတယ်ဗျ။ ပြီးတော့ အမေကလည်း ကျွန်တော်တို့ကို ကာတွန်းကား ဖွင့်ပြလေ့ ရှိတတ်တယ်လေ။ နေ့လယ် ၃ နာရီဆိုတာ ကျွန်တော့်မိဘတွေအတွက်ကတော့ အားလပ်ချိန်ပါပဲ။ အဲဒီအချိန်ရောက်တိုင်း အဖေက မီးဖိုချောင်ထဲမှာ အရက် ပုလင်းနဲ့ ခွက်လှလှတချို့ကို ခင်းကျင်းကာ သံပရိုသီး၊ သံပုရာသီး စတာတွေကို လှီးဖြတ်ပြီး ချယ်ရီသီးကလေးတွေ တွဲလောင်းချထားတဲ့ ခွက်ငယ်လေးတွေထဲမှာ ထည့်ကာ ပြင်ဆင်လေ့ရှိပါတယ်။ ပြီးရင်တော့ အဖေနဲ့အမေက နေ့လယ်ခင်းကနေ စပြီး ကျွန်တော်တို့ညီအစ်ကိုတွေ အိပ်ရာဝင်တဲ့အထိ အရက်သောက်ကြတော့ တာပေါ့။ သူတို့နှစ်ယောက် ရေဒီယိုကလာတဲ့သီချင်းကို နားထောင်ရင်း မီးဖိုချောင်

mgyoe.com

mgyoe.com SAMPLE BOOK

ထဲမှာ ကနေကြတာကို ကျွန်တော်သတိရမိပါသေးတယ်လေ။ အဖေနဲ့အမေက တစ်ယောက်ကိုတစ်ယောက် ဆွဲဖက်ထားပြီး ကနေလိုက်ကြတာ သိပ်ချစ်ကြတဲ့ ချစ်သူတွေအတိုင်းရယ်ပါ။ အဲဒီတော့ ကျွန်တော့်စိတ်ထဲ အရင်က အတိတ်ဆိုးတွေ အားလုံးကို မေ့ပစ်လိုက်လို့ရပြီလို့တောင် တွေးလားတွေးမိသေးရဲ့။ ဒါပေမဲ့ ကျွန်တော် မှားသွားတယ်ဗျ။ ဒါက ကျွန်တော့်အတွက်တော့ ငရဲခန်းဆီ ဦးတည်နေတဲ့ အကြောင်းအရာတွေ ဖြစ်ခဲ့ပါတော့တယ်။

အဲဒီနေ့ကနေ တစ်လ နှစ်လခန့်ကြာ တနင်္ဂနွေနေ့တစ်ရက်မှာပေါ့။ အဖေဟာ အလုပ်မှာရှိနေခဲ့ပါတယ်။ ကျွန်တော်နဲ့ ကျန်တဲ့ညီအစ်ကိုတွေကတော့ အခန်းထဲမှာ ကစားနေခဲ့ကြတာပေါ့။ ရုတ်တရက်ဆိုသလို ကျွန်တော်တို့ အခန်းဆီ ပြေးလာရင်း အော်ဟစ်နေတဲ့ အမေ့အသံကို ကျွန်တော် ကြားလိုက်ရတယ်လေ။ ရွှန်နဲ့ စတန်တို့က အကာအကွယ်ယူဖို့ ညှော်ခန်းထဲ ပြေးဝင်သွားခဲ့ကြပေမဲ့ ကျွန်တော်ကတော့ အနားကထိုင်ခုံပေါ်မှာပဲ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါတော့တယ်။ အမေလာတာကလည်း ကျွန်တော့်ဆီကို တန်းတန်းမတ်မတ်ပါပဲ။ သူ ကျွန်တော့်အနားကပ်လာလေ ကျွန်တော်လည်း ထိုင်ခုံကို အနောက်ဆုတ်လေနဲ့ နောက်ဆုံးတော့ နောက်ကနံရံနဲ့ ကျွန်တော့်ခေါင်းနဲ့ ထိကပ်လာတော့တာပေါ့။ အမေ့မျက်လုံးတွေက နီရဲပြီး အသက်ဝိညာဉ်ကင်းမဲ့နေသလို သူ့ပါးစပ်ကလည်း အရက်နံ့က ထောင်းနေတာပါပဲ။ အမေက ထိုင်ခုံဘေးနှစ်ဖက်ကို ကိုင်ပြီး ရမ်းပစ်လိုက်တာမို့ ကျွန်တော် ရုတ်တရက်ဆိုသလိုပဲ မျက်နှာကို လက်နဲ့ ကာကွယ်ထားလိုက်ပါတော့တယ်။ ဒါပေမဲ့ အမေ့လက်ကနေတော့ ကျွန်တော် မလွတ်နိုင်ပါဘူးလေ။ သူက လက်နဲ့ကာကွယ်ထားတဲ့ ကျွန်တော့်မျက်နှာကို မထိထိအောင် ရိုက်ပစ်လိုက်နိုင်တာပါပဲ။ နောက်ဆုံးတော့ ကျွန်တော် ဘယ်ဘက်လက်နဲ့ မျက်နှာတစ်ခုလုံးကို လုံအောင် ဖုံးထားလိုက်ပါတော့တယ်။ အမေက ကျွန်တော့်လက်ကို ဆွဲကိုင်လိုက်တုန်း သူ့ခန္ဓာကိုယ်အလေးချိန်ကို မထိန်းနိုင်ဖြစ်ပြီး နောက်ကို ခြေတစ်လှမ်းဆုတ်ကာ သူ့ကိုယ်သူ လဲမကျသွားအောင် ကိုယ်ရှိန်သတ်လိုက်တော့တာပေါ့။ အမေ ကျွန်တော့်လက်ကို ကိုင်ရင်း ဝရန်းသုန်းကားနဲ့ အရှေ့ဆက်တိုးလာတုန်း ကျွန်တော့်ပခုံးနေရာကနေ ဖောက်ခနဲမြည်သံနဲ့အတူ


mgyoe.com

mgyoe.com
SAMPLE BOOK

အင်မတန်နာကျင်တဲ့ ခံစားချက်တစ်ခုကိုပါ ကျွန်တော် တစ်ပြိုင်နက် ခံစားလိုက်ရပါတော့တယ်။ အမေလည်း အတော်လေး အံ့သြသွားတဲ့ပုံပေါက်သွားတာမို့ ကြည့်ရတာ သူလည်း ဒီအသံကိုကြားလိုက်ရတဲ့ပုံပါပဲ။ သူက ကျွန်တော့်ပခုံးကို ချက်ချင်းလွှတ်ချပြီး ဘာမှမဖြစ်တဲ့အတိုင်း မသိချင်ယောင်ဆောင်ကာ လှည့်ထွက်သွားပါတော့တယ်။ နာကျင်မှုက တဖြည်းဖြည်း ပြင်းထန်လာတော့ ကျွန်တော်ဖြင့် ပခုံးတစ်ဖက်ကို လက်တစ်ဖက်နဲ့ ပြန်ပိုက်ထားရတာပေါ့ဗျာ။ ကျွန်တော်ပခုံး ဘာဖြစ်သွားသလဲဆိုတာ မစစ်ဆေးနိုင်သေးခင်မှာပဲ အမေက ကျွန်တော့်ကို ညစာစားဖို့ လှမ်းခေါ်လိုက်တယ်လေ။

ကျွန်တော် ညနေစာပန်းကန်ကို ညာဘက်လက်နဲ့ ကိုင်ကာ စားပွဲဝိုင်းမှာ နေရာယူလိုက်ပါတယ်။ ကျွန်တော့်ရှေ့ကနို့ခွက်ကို ဘယ်ဘက်လက်နဲ့ လှမ်းယူလိုက်တဲ့အချိန်မှာတော့ ကျွန်တော့်လက်ဟာ အလုပ်မလုပ်တော့ဘူးဆိုတာကို တွေ့လိုက်ရတော့တာပေါ့။ ကျွန်တော် ရှိသမျှအားစုစည်းပြီး လက်ကိုလှုပ်ဖို့ ကြိုးစားခဲ့ပေမဲ့ လက်ချောင်းကလေးအနည်းငယ် လှုပ်ရှားရုံမှအပ ကျန်တဲ့ လက်တစ်ခုလုံးဟာ စူးနင့်နင့်နာကျင်ပြီး လှုပ်ရှားလို့မရတော့ပါဘူးဗျာ။ ကျွန်တော် အသနားခံတဲ့အကြည့်နဲ့ အမေ့ကို လှမ်းကြည့်လိုက်ပါတယ်။ အမေကတော့ ကျွန်တော့်ကို လျစ်လျူရှုနေခဲ့တယ်လေ။ တစ်ခုခုကတော့ အတော်လေး မှားယွင်းနေပြီဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ကျွန်တော် ဒီကိစ္စနဲ့ပတ်သက်ပြီး စကားတစ်ခွန်းဟဖို့တောင် ကြောက်ရွံ့ပြီး ဝန်လေးနေခဲ့ပါတော့တယ်။ အဲဒီတော့ ကျွန်တော်လည်း မျက်စိရှေ့က ဟင်းပန်းကန်ကို ငေးကြည့်ပြီး ငုတ်တုတ်ကလေး ထိုင်နေခဲ့ရတာပေါ့ဗျာ။ နောက်ဆုံးတော့ အမေက ကျွန်တော့်ကို ထမင်းစားပွဲက ထခိုင်းပြီး စောစောသွားအိပ်ဖို့ ပြောလိုက်တော့တာပေါ့။ သူက ကျွန်တော့်ကို နှစ်ထပ်ခုတင်ရဲ့ အပေါ်ထပ်မှာတက်အိပ်ဖို့ မှာလိုက်ပါသေးတယ်။ ထူးတော့ ထူးဆန်းတယ်ဗျ။ ကျွန်တော်က အမြဲတမ်း ခုတင်ရဲ့အောက်ထပ်မှာပဲ အိပ်နေကျ မဟုတ်ပါလား။ ဒီလိုနဲ့ ကျွန်တော်လည်း တဆစ်ဆစ်ကိုက်ခဲနေတဲ့ လက်မောင်းကို ကျန်တဲ့လက်တစ်ဖက်နဲ့ ပွေ့ချီထားရင်း မနက်မိုးလင်းခါနီးမှ မှေးခနဲအိပ်ပျော်သွားပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် အိပ်ပျော်မယ်ကြံရုံရှိတုန်း အမေက မနက်အစောကြီး ကျွန်တော့်ကိုလာနှိုးတော့တာပေါ့။ ကျွန်တော် ညက အိပ်ရင်း ခုတင်အပေါ်ထပ်ကနေ အောက်ကိုလိမ့်ကျတယ်လို့တောင် အမေက ကျွန်တော့်ကိုပြောပြနေသေးတာပါ။ ကျွန်တော့်ကို ဆေးရုံလိုက်ပို့ဖို့ ကားမောင်းနေတဲ့အမေ့ကိုကြည့်ရတာ ကျွန်တော့်လက်အခြေအနေကိုကြည့်ပြီး အတော်လေးစိုးရိမ်နေတဲ့ပုံပါပဲ။ အမေက ကျွန်တော် ညက ခုတင်အပေါ်ထပ်ကနေ ပြုတ်ကျကြောင်း ဆရာဝန်ကို ရှင်းပြနေခဲ့ပေမဲ့ ကျွန်တော့်လက်ကဒဏ်ရာကို စစ်ဆေးနေတဲ့ဆရာဝန်ရဲ့ မျက်နှာရိပ်မျက်နှာကဲကတော့ ဒါဟာ သာမန် မတော်တဆမှုမဟုတ်ဘူးဆိုတာကို ရိပ်မိနေသယောင်ရယ်ပါ။ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်ကလည်း အဖြစ်မှန်ကိုပြောပြဖို့ ကြောက်ရွံ့နေခဲ့ပါတယ်လေ။ အိမ်ရောက်တော့ အဖေ့ကို ပြန်ပြောပြတဲ့ အမေ့ရဲ့ ဇာတ်လမ်းက ဆေးရုံတုန်းကထက်တောင် ပိုလို့စုံပါသေးတယ်။ အဖေ့ကို သူပြောပြတဲ့ ဇာတ်လမ်းထဲမှာ ကျွန်တော် ခုတင်ပေါ်ကပြုတ်ကျပြီး ကြမ်းပြင်နဲ့မရိုက်မိခင် အမေကတောင် ကျွန်တော့်ကို ပြေးလို့ဖမ်းလိုက်ပါသေးတယ်ဆိုပဲ။ ကျွန်တော်လည်း အမေ့ပေါင်ပေါ် ငုတ်တုတ်ထိုင်ကာ သူ့ရဲ့ အလိမ်အညာတွေ နားထောင်ရင်း အမေဟာ အတော်လေး စိတ်ဓာတ်မကောင်းတဲ့သူဆိုတာကို သဘောပေါက်လာခဲ့ရပါတော့တယ်။ ဒါပေမဲ့ ကျွန်တော် သူ့ကိုကြောက်လွန်းတာမို့ အဖေ့ကိုလည်း တကယ့်ဖြစ်ရပ်အမှန်ကို မပြောပြဖြစ်ခဲ့ပါဘူး။ ကျွန်တော် ဒီအဖြစ်မှန်ကို တစ်ယောက်ယောက်ကိုသာ ပြောပြဖြစ်ခဲ့ရင် နောက်ထပ် မတော်တဆမှုဟာ ဒီတစ်ခေါက်ထက် ပိုပြီး ဆိုးရွားလိမ့်မယ်ဆိုတာကို မသိစိတ်ကနေ နားလည်နေခဲ့ပါတော့တယ်။

ကျောင်းဟာ ကျွန်တော့်အတွက်တော့ နိဗ္ဗာန်ဘုံပါပဲ။ အမှန်တော့ အမေနဲ့ဝေးလေလေ ကျွန်တော် ပျော်လေလေရယ်ပါ။ မုန့်စားဆင်းချိန်ရောက်ပြီဆို ကျွန်တော်က သူရဲကောင်းကြီးပဲလေ။ ကျောင်းနောက်ဖေးပေါက်ကိုသွားပြီး နေ့စဉ်နေ့တိုင်း ပျော်ရွှင်စရာ စွန့်စွန့်စားစားကစားနည်းတွေ ကစားတတ်သလို ကျွန်တော့်အတွက် သူငယ်ချင်းဖွဲ့ရတာကလည်း သိပ်ခက်ခဲလှတာ မဟုတ်တာမို့ ကျောင်းမှာ နေရတဲ့အချိန်တိုင်း ကျွန်တော် သိပ်ပျော်ပါတယ်။ နွေဦးကုန်ခါနီး တစ်ရက်တုန်းက


mgyoe.com

mgyoe.com SAMPLE BOOK

ထင်ပါတယ်၊ ကျွန်တော် ကျောင်းကပြန်လာတော့ အမေက ကျွန်တော့်ကို သူ့အိပ်ခန်းထဲခေါ်ပြီး ဆူပါလေရော။ သူ့စကားအရ ကျွန်တော်ဟာ ကျောင်းမှာ ဆိုးသွမ်းတဲ့ကလေးဖြစ်တာမို့ ပထမတန်းကို အစကနေ ပြန်တက်ရမယ်တဲ့လေ။ ကျွန်တော်ဖြင့် နားကို မလည်နိုင်ပါဘူးဗျာ။ အတန်းထဲမှာ ကျွန်တော်ဟာ တခြားကျောင်းသားတွေထက် အပြုံးမျက်နှာလေးတွေ ပိုရတတ်သလို ဆရာမရဲ့စကားလည်း နားထောင်ပြီး ဆရာမကလည်း ကျွန်တော့်ကို သဘောကျတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါပေမဲ့ အမေကတော့ ကျွန်တော်ဟာ မိသားစုကို အရှက်ရအောင် လုပ်တဲ့သူဖြစ်တာမို့ ပြင်းပြင်းထန်ထန်ကို အပြစ်ပေးရမယ်ဆိုပြီး ဆူညံပွက်လောရိုက်နေတော့တာပါပဲ။ နောက်ပြီး သူက ကျွန်တော်ဟာ နောက်ထပ် တီဗီကို လုံးဝကြည့်ရှုခွင့်မရှိတော့တဲ့အကြောင်း ပြောလိုက်ပါသေးတယ်။ ကျွန်တော့်အတွက် ညစာလည်းမရှိသလို သူ့စိတ်ကူးထဲပေါ်လာသမျှ အိမ်အလုပ်တိုင်းကိုလည်း လုပ်ရမယ်လို့ အမေက ကြေညာလိုက်ပါတယ်။ သူ ကျွန်တော့်ကို နောက်တစ်ချက် ရိုက်ပြီးတဲ့အခါမှာတော့ အမေက ကျွန်တော့်ကို ဂိုဒေါင်ထဲဆင်းပြီး မတ်တတ်ရပ်နေဖို့နဲ့ သူ မခေါ်မချင်း ပြန်မတက်လာဖို့ မှာလိုက်ပါတော့တယ်။

အဲဒီနွေရာသီတုန်းက မိသားစုအပျော်ခရီးထွက်ရင်း အမေက မပြောမဆိုနဲ့ လမ်းမှာ ကျွန်တော့်ကို အဒေါ်ဟိုဆေးတို့အိမ်မှာ တစ်ယောက်တည်း ထားခဲ့ပြန်ပါသေးတယ်။ ဘယ်သူမှလည်း ဒီအကြောင်း ကျွန်တော့်ကို ကြိုမပြောထားကြတာမို့ ကျွန်တော်ဖြင့် ဘယ်လိုမှကိုနားမလည်နိုင်ခဲ့ပါဘူးလေ။ ကျွန်တော့်ကို အဒေါ်တို့အိမ်မှာချပေးပြီး ထွက်သွားတဲ့ သူတို့ကားကိုကြည့်ပြီး ကျန်ခဲ့ရတာဟာ ကျွန်တော့်ကိုယ်ကျွန်တော် အပယ်ခံတစ်ယောက်လို ခံစားခဲ့ရတာ အမှန်ပါပဲ။ ကျွန်တော့်စိတ်ထဲ ဝမ်းနည်းပြီး ဗလာနတ္ထိကြီးလို ခံစားနေခဲ့ရပါတယ်။ ကျွန်တော် အဒေါ်ဟိုဆေးတို့အိမ်ကနေ ထွက်ပြေးပြီး ကျွန်တော့်မိသားစုနောက်လိုက်သွားဖို့ ကြိုးစားခဲ့ပါသေးတယ်။ ထူးထူးဆန်းဆန်း ကျွန်တော် အမေနဲ့အတူ ရှိနေချင်ခဲ့တယ်လေ။ ဒါပေမဲ့ ကျွန်တော် အဝေးကြီး မရောက်လိုက်နိုင်ပါဘူး။ အဒေါ်က အမေ့ကို ကျွန်တော်ထွက်ပြေးတဲ့အကြောင်း ဖုန်းဆက်ပြီး တိုင်တန်းလိုက်ပြီးတဲ့နောက်မှာတော့ အဖေ ၂၄ နာရီအလုပ်လုပ်တဲ့ ရက်တစ်ရက်မှာ ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

အပြစ်ပေးခံရပါလေရောလားဗျာ။ အမေက ကျွန်တော့်ကို လက်နဲ့ရိုက်နှက်၊ ထိုးကြိတ်ပြီး ခြေထောက်နဲ့ပါ ကန်ကျောက်တော့ ကျွန်တော်ဖြင့် ကြမ်းပြင်ပေါ် မှောက်လျက်လဲကျသွားတဲ့အထိပါပဲ။ ကျွန်တော် အဒေါ်တို့အိမ်ကနေ ထွက်ပြေးရ တာဟာ အမေနဲ့အတူ ရှိချင်တဲ့အတွက်ဖြစ်ကြောင်း၊ ကျွန်တော် သူ့ကို လွမ်းတဲ့ အကြောင်း ပြောပြဖို့ ကြိုးစားခဲ့ပေမဲ့ အမေကတော့ ကျွန်တော့်ကို စကားတောင် ဟခွင့်မပေးခဲ့ပါဘူးလေ။ ကျွန်တော် နောက်တစ်ခါရှင်းပြဖို့ ကြိုးစားတော့ အမေက ကျွန်တော့်ကို ရေချိုးခန်းထဲ ဆွဲခေါ်သွားပြီး ဆပ်ပြာတစ်တောင့်ဆွဲလို့ ကျွန်တော့် ပါးစပ်ထဲကို ထိုးထည့်ဖို့ ကြိုးစားပါတော့တယ်။ အဲဒီနောက် ကျွန်တော်လည်း စကားပြောဖို့ ခွင့်မပေးဘဲ လုံး၀ ပါးစပ်မဟရဘူးဆိုတဲ့ စည်းကမ်းအသစ်ကို နားလည်ခဲ့တော့တာပေါ့။

ပထမတန်းပြန်တက်ရတာက ပျော်စရာတော့ အကောင်းသားပဲဗျ။ ကျွန်တော်က အခြေခံလေ့ကျင့်ခန်းတွေအားလုံးကို သိပြီးသားဖြစ်တာမို့ မကြာခင် မှာပဲ အတန်းထဲမှာ အတော်ဆုံးကျောင်းသားဖြစ်လာခဲ့တယ်လေ။ ကျွန်တော်က အတန်းချခံရတာမို့ ကျွန်တော့်ညီစတန်နဲ့ပါ တစ်တန်းတည်း အတူထိုင်ပြီး စာသင် လာခဲ့ရပါတယ်။ ကျောင်းမှာတော့ ကျွန်တော်နဲ့ စတန်ဟာ အချစ်ဆုံးသူငယ်ချင်း တွေဆိုပေမဲ့ အိမ်ရောက်ပြီဆိုရင်တော့ ကျွန်တော့်ကို စကားမပြောဘဲ မသိချင် ယောင်ဆောင်နေတာက အကောင်းဆုံးပဲဆိုတာကို သူရော ကျွန်တော်ပါ သဘော ပေါက်ကြပါတယ်လေ။ တစ်နေ့ ကျွန်တော် ကျောင်းကပေးလိုက်တဲ့ စာရွက် တချို့ကိုပြဖို့ အိမ်ကိုပြန်လာတုန်း အိမ်ရောက်ရောက်ချင်း အမေက ကျွန်တော့်ကို သူ့အိပ်ခန်းထဲ ဆွဲခေါ်သွားပြီး ဆူတော့တာပေါ့။ သူက ကျွန်တော်နဲ့ပတ်သက်ပြီး ပို့လိုက်တဲ့ မြောက်ဝင်ရိုးစွန်းဆီက စာတစ်စောင်ကို ရထားတယ်တဲ့လေ။ စာထဲမှာ ကျွန်တော်ဟာ လူဆိုးလေးတစ်ယောက်ဖြစ်ကြောင်း၊ ဒါကြောင့် ဆန်တာကလည်း ဒီနှစ် ကျွန်တော့်အတွက် လက်ဆောင်ယူလာမှာမဟုတ်ကြောင်း ရေးထားတယ်လို့ အမေကပြောပါတယ်။ အမေကတော့ ကျွန်တော်ဟာ မိသားစုကို အရှက်တကွဲ ဖြစ်အောင် လုပ်ခဲ့ပြန်ပြီဆိုပြီး မပြီးစီးနိုင်အောင်ဆူနေခဲ့ပါတော့တယ်။ ကျွန်တော်ဖြင့် အမေဖန်တီးထားတဲ့ အိပ်မက်ဆိုးကြီးကနေ မကြာခင် နိုးထလာနိုင်ပါစေလို့ပဲ

mgyoe.com

mgyoe.com SAMPLE BOOK

ဆုတောင်းနေခဲ့ရတာပေါ့ဗျာ။ အဲဒီနှစ် ခရစ္စမတ်နေ့မတိုင်ခင်အထိ အိမ်မှာပြင်ဆင်ထားတဲ့ ခရစ္စမတ်သစ်ပင်အောကမှာ တခြားဆွေမျိုးတွေဆီက ပို့ပေးလိုက်တဲ့ လက်ဆောင်တွေ ပုံနေပေမဲ့လို့ ကျွန်တော့်အတွက် လက်ဆောင်အရေအတွက်ကတော့ မဖြစ်စလောက်ကလေးရယ်ပါ။ ခရစ္စမတ်နေ့ရောက်တော့ စတန်ကအမေ့ကို ဆန်တာဘိုးဘိုးကြီးက ကျွန်တော့်အတွက် ဘာကြောင့်များ ကာတွန်းပုံဆွဲထားတဲ့ နံပါတ်ကလေးတွေပဲ လက်ဆောင်ယူလာရသလဲဆိုပြီး မေးပါရောလား။ အဲဒီတော့ အမေက သူ့ကို ''ဆန်တာဘိုးဘိုးကြီးက လိမ္မာတဲ့သားလေးနဲ့သမီးလေးတွေအတွက်ပဲ အရုပ်လက်ဆောင်တွေ ယူလာပေးတတ်တယ်ကွဲ့''လို့ ပြန်ဖြေလိုက်ပါတယ်။ ကျွန်တော် စတန့်မျက်လုံးထဲကအကြည့်တွေကို သတိထားမိတာပေါ့ဗျာ။ သူ့အကြည့်တွေထဲက ဝမ်းနည်းတဲ့အရိပ်အယောင်တွေက သူလည်းအမေ ဘယ်လိုကစားနည်းတွေနဲ့ အကွက်ရွှေ့နေသလဲဆိုတာကို နားလည်နေတဲ့ပုံရယ်ပါ။ ခရစ္စမတ်နေ့ဖြစ်ပေမဲ့လည်း ကျွန်တော်က အခုထိ အပြစ်ဒဏ်ကနေမလွတ်သေးဘူးဆိုတော့ ပျော်ပွဲရွှင်ပွဲနေ့မှာတောင် ကျွန်တော့်ခမျာ အလုပ်လုပ်ဖို့ အဝတ်ဟောင်းလဲဝတ်ပြီး အိမ်အလုပ်တွေကို မနားမနေလုပ်ခဲ့ရပါတယ်။ ကျွန်တော် ရေချိုးခန်းကို သန့်ရှင်းရေးလုပ်နေတုန်း အမေနဲ့အဖေတို့ ရန်ဖြစ်စကားများနေကြတာကို မတော်တဆ လှမ်းကြားမိလိုက်ပါသေးတယ်။ အဖေက အမေ့စည်းကမ်းတွေကို နားပူနားဆာလုပ်နေတာဗျ။ အမေက သူဟာ'ကောင်လေး' ဆိုတဲ့ ကျွန်တော့်ကို စည်းကမ်းကြပ်မတ်ပေးရမှာမို့ အဖေ့ကို ဝင်မစွက်ဖက်ဖို့ တင်းတင်းကျပ်ကျပ်ကို သတိပေးနေခဲ့တာပါ။ အဖေ ဘယ်လောက်ပဲ ကျွန်တော့်အတွက် ကူပြောပေးနေပါစေ၊ အမေကတော့ ကြာလေကြာလေ ဒေါသကငယ်ထိပ်အထိကို ဆောင့်တက်လာလေ ဖြစ်နေတဲ့အတိုင်းပါပဲ။ နောက်ဆုံးတော့ အဖေလည်း လက်မြှောက်အရှုံးပေးလိုက်ရတယ်ထင်ပါတယ်။ ကျွန်တော်ကတော့ ဒီမိသားစုနဲ့ ပိုလို့ပိုလို့ကို ဝေးကွာနေခဲ့ပါတော့တယ်ဗျာ။

နောက်ထပ်လအနည်းငယ်အကြာမှာတော့ လူငယ်ကျောင်းသားကင်းထောက်အဖွဲ့ကို တာဝန်ယူပေးဖို့အလှည့်ဟာ အမေ့ဆီကို ကျရောက်လာခဲ့ပါတော့တယ်။ ကျောင်းက သူငယ်ချင်းတွေ ကျွန်တော့်အိမ်မှာ စခန်းချတိုင်း

mgyoe.com